# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၉)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

## မြန်မာနိုင်ငံတစ်ဝှမ်း ဖွင့်လှစ်ထားရှိသော အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)ကို ၉-၇-၂၀၂၁ ရက်နေ့မှ ၂၃-၇-၂၀၂၁ ရက်နေ့အထိ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ

အသိပေးပန်ကြားချက်

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

၁။ ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း မျိုးရိုးဗီဇပြောင်းလဲလာသော COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှု များပြားလာသဖြင့် ကူးစက်ခံရသူ အရေအတွက်မှာ နေ့စဉ်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်ကာကွယ်၊ တားဆီးနိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်း ဖွင့်လှစ်ထားရှိသော အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)ကို ၉–၇–၂၀၂၁ ရက်နေ့မှ ၂၃–၇–၂၀၂၁ ရက်နေ့အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

ကိုဗစ်အန္တရာယ် စုပေါင်းကာကွယ် အရေးကြီးပြီ သွေးစည်းကြစို့ — စာ ၆

မတူညီသောတန်ဖိုးများကို လေးစားတတ်ခြင်း — ဆောင်းပါး — စာ ၁၀

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများပြေးဆွဲ — ပြည်တွင်းသတင်း — စာ ၉


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ ကြည့်ရှု အားပေး

**နေပြည်တော် ဇူလိုင် ၈**

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှု ရရှိရန်အတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော မြားပစ်အားကစားနည်း ပြိုင်ပွဲအကြို လက်ရည်ဆန်းစစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့် ခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် တက်ရောက်ကြည့်ရှု အားပေးကာ ဆုများ ချီးမြှင့်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❏






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် အဖွဲ့ဝင်များ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

# ဝစ်သောက်တို့အတွက် ရခဲသည့် အခွင့်အရေး

မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို တရားဝင်မှတ်ပုံတင်ပေးနေပြီဖြစ်သည်။ ကညနရုံးစိုက်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးပေါင်း ၄၉ ရုံးမှာ One Stop Services စီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ရာ ဝစ်သောက်ဆိုင်ကယ်ကို မျက်နှာငယ်ငယ် စီးနင်းနေမည့်အစား သက်ဆိုင်ရာသို့ အခွန်အခများပေးဆောင်ပြီး တရားဝင်မှတ်ပုံတင်ဆိုင်ကယ်ကို ရင်ကော့စီးနိုင်ရန် အခွင့်အရေးရခြင်းပင်ဖြစ်သည်။ သည့်အပြင် တစ်ရုံးဝင်၊ တစ်ရုံးထွက်၊ ဟိုစားပွဲသွား၊ ဒီစားပွဲသွားနှင့် အခေါက်ခေါက်အခါခါ သွားရမည့်ဒုက္ခများ ကင်းဝေးစေသည့် (OSS) ခေါ် တစ်နေရာတည်းတွင် အပြီးဆောင်ရွက်ပေးမည့် စီမံချက်ဖြစ်ရာ မိမိပိုင် ဆိုင်ကယ်ကို တရားဝင်မှတ်ပုံတင်လိုသူများအဖို့ အဆင်ပြေလှသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ယာဉ်အစီးရေ ခုနစ်သန်းခွဲကျော်ရှိသည့်အနက် ခြောက်သန်းကျော်ကျော်မှာ ဆိုင်ကယ်များဖြစ်သည်ဟု ပြီးခဲ့သည့်နှစ်က မှတ်သားခဲ့ရဖူးရာ ယခုနှစ်တွင် သည့်ထက်အနည်းငယ် ပိုလာလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။ ဆိုင်ကယ်သည် ရန်ကုန်မြို့မှလွဲ၍ တစ်နိုင်ငံလုံးတွင် တောရောမြို့ပါမကျန် မရှိမဖြစ်သုံးစွဲနေကြသော ယာဉ်ဖြစ်သည့်အလျောက် တောင်ပေါ် မြေပြန့် တောတွင်း လယ်ကွင်းပါမကျန် နေရာတကာတွင် တွေ့မြင်ရသည်။ မိမိတို့ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလို ဂျပန်ဘီး၊ ထိုင်းဘီး၊ အိန္ဒိယဘီးစသည်ဖြင့် ဝယ်ယူစီးနင်းကြရာ အများစုမှာ အရှေ့မြောက်အိမ်နီးချင်းနိုင်ငံကြီးမှ လာသည့် တရုတ်ဘီးများ ဖြစ်ကြသည်။

ဆိုင်ကယ်များ၏ အရည်အသွေးအလိုက် တန်ဖိုးများ အမျိုးမျိုးရှိကြသော်လည်း တရားဝင် မှတ်ပုံတင်ဆိုင်ကယ်နှင့် တရားမဝင် မှတ်ပုံတင်မဲ့ (ဝစ်သောက်) ဆိုင်ကယ်တို့မှာ အမျိုးအစားချင်းတူလျှင်ပင် တန်ဖိုးချင်းကွာခြားလှသည်။ ထို့ပြင်တဝ မိမိဆိုင်ကယ် အခိုးခံရလျှင်ပင် ဆိုင်ရာသို့ ရဲရဲမတိုင်ရဲကြသည့် အားနည်းချက်ကို အခွင့်ကောင်းယူကာ ဝစ်သောက်ဆိုင်ကယ်ဆိုလျှင် သူခိုးတို့ကလည်း ရဲရဲတင်းတင်းပင် ခိုးလေ့ရှိကြပြန်သည်။ မိမိပိုင်သည့် ဆိုင်ကယ်ကလေးကို မှတ်ပုံတင်ကာ တရားဝင်စီးနင်းခြင်းဖြင့် တန်ဖိုးလည်း မြင့်မားသလို ယာဉ်စစ်ဆေးမှုများ တွေ့သည်နှင့် နောက်ကြောင်းပြန်ပြေးရသည့် ဒုက္ခတို့မှလည်း ကင်းဝေးနိုင်မည်ဖြစ်သည်။

လိုင်စင်မဲ့ဆိုင်ကယ်များကို တရားဝင်မှတ်ပုံတင်ပေးမည့် စီမံချက်မှာ ရက် ၃၀ သာဖြစ်သည်။ စီမံချက်ကာလကျော်လွန်လျှင် ဤအခွင့်အရေးကို မရနိုင်တော့။ ထို့အပြင် စီမံချက်ကာလအတွင်းမှာရော၊ စီမံချက်ပြီးဆုံးပြီးကာလတွင်ပါ ယာဉ်မှတ်ပုံတင်စစ်ဆေးမှုများ ခပ်စိပ်စိပ် ထိထိရောက်ရောက် ပြုလုပ်ခြင်းဖြင့် တရားမဝင်ဆိုင်ကယ်များ အများအပြားဖော်ထုတ်အရေးယူခံရသည့် အခြေအနေမျိုးလည်း ရှိလာနိုင်သေးသည်။ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ခြင်းအားဖြင့် ဆိုင်ကယ်လည်း တန်ဖိုးမြင့်သလို စီးနင်းသူလည်း ဣန္ဒြေရရ လုံခြုံစိတ်ချစွာ လိုရာခရီးသို့ စီးနှင်သွားလာနိုင်ကြမည်ဖြစ်ပါကြောင်း။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## ချင်းတွင်းမြစ်ကျော် OPGW (Optical Ground Wire ) ကြိုး သွယ်တန်းစဉ် ရေကြောင်း ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇူလိုင် ၈**

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနသည် ၁၃၂ ကေဗွီ ညောင်ပင်ကြီး- အောင်ချမ်းသာ ( မုံရွာ ) ဓာတ်အားလိုင်းရှိ OPGW( Optical Ground Wire ) ကြိုးလဲလှယ်ခြင်း လုပ်ငန်းကို ချင်းတွင်းတံတား (မုံရွာ) အနီးတွင် ( ၁၀- ၇- ၂၀၂၂ )ရက်၊ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍ သွယ်တန်းမည်ဖြစ်သည်။

OPGW Optical Ground Wire ကြိုး သွယ်တန်းနေစဉ် လုပ်ငန်းခွင်၏ အထက်နှင့်အောက်ရှိ ချင်းတွင်းမြစ်အတွင်း ရေကြောင်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ရေယာဉ်များဖြင့် စောင့်ဆိုင်းပြီး ရေကြောင်း ခေတ္တပိတ်ထားမည် ဖြစ်ပါသည်။ လုပ်ငန်းခွင် တည်ရှိရာ ချင်းတွင်းတံတား (မုံရွာ) ရေကြောင်းကို ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာနေရာတွင် ရပ်နား စောင့်ဆိုင်းပြီး ရေကြောင်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဖြတ်သန်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။

သတင်းစဉ်


## ကြို့ပင်ကောက်၌ နှာခေါင်းစည်း မတပ်ဆင်သူများနှင့် စနစ်တကျမတပ်ဆင်သူများအားဒဏ်ရိုက်

**ကြို့ပင်ကောက် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ဇူလိုင် ၈ ရက် နံနက်ပိုင်းက အပြင်ထွက် သွားလာသူများအနက် နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများ၊ စနစ်တကျ မတပ်ဆင်သူများအား ဒဏ်ရိုက်အပြစ်ပေးခြင်းများ ဆောင်ရွက်သည်။

ရွှေ့လျားစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးအရေးယူဆောင်ရွက်ခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဇူလိုင် ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ စည်းကမ်းမလိုက်နာသူများကို တစ်ဦးလျှင် နှာခေါင်းစည်း ငါးခုကို ဒဏ်ငွေကျပ် ၅၀၀ဖြင့် ဒဏ်ရိုက်ခဲ့ရာ စုစုပေါင်းဒဏ်ငွေကျပ် ၉၁၅၀၀ ရရှိပြီဖြစ်သည်။ အဆိုပါ ရွှေ့လျားစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**





## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

❑ *ရွှေဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် Compound Individual တစ်ဦးချင်းပြိုင်ပွဲနှင့် Mix Team နှစ်ယောက်တွဲ ပြိုင်ပွဲများ၊ Recurve Individual တစ်ဦးချင်းနှင့် Mix Team နှစ်ယောက်တွဲ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲများ အပြီးတွင် ဆုများ ချီးမြှင့်ရာတွင် Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်း ကောင်း၊ Recurve အမျိုးသမီး တစ်ဦးချင်း ရှုံးထွက် ပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း၊ Recurve အမျိုးသား တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ Compound Mixed Team ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ Recurve Mixed Team ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသော ကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော နေလင်းဦးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်ကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် Recurve Mixed Team ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသော ကစားသမားများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမား ဆုရရှိသော နေလင်းဦးအား ဆုချီးမြှင့်စဉ်။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ဇူလိုင် ၅ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအတွက်ဝတ်စုံများ၊ ဦးထုပ်နှင့် ရှူးဖိနပ်များ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာလေမြို့ နားအွန်- မယ်ပိန်းကျေးရွာ ချင်းဆက်လမ်း ၃မိုင် ၅ဖာလုံ အနက် ၁မိုင်ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လမ်းရေရှည် ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားသည်။ ယင်းနောက် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ တင်ပြချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လျာထားသော မိုင်းဖြတ်မြို့နယ် တောညကျေးရွာအုပ်စု တောည - နမ့်ခွန်းတောင်ကျေးရွာသွားလမ်းကို ကြည့်ရှုပြီး ကျိုင်းတုံမြို့ ဆင်နှစ်ကောင်ရေလှောင်ကန်မှ သောက်သုံးရေ လုံလောက်စွာရရှိရေး ထပ်မံတိုးချဲ့ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆောင်ရွက်ရမည့် ကိစ္စများကို ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မက်မန်းမြို့နယ်အတွင်း ကျေးရွာသုံးရွာအတွက် ဆိုလာများ ထောက်ပံ့ပေးအပ်စဉ်။

**ထောက်ပံ့ပေးအပ်**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းတွင် မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဒေသခံဝန်ထမ်းများ၊ ပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မက်မန်းမြို့နယ် ကောင်းလန်းကျေးရွာ၊ ဝမ်လုံကျေးရွာ၊ ပါလောင်းကျေးရွာများအတွက် အိမ်သုံး ဆိုလာ ၅၁ စုံ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံအဖြူ/အစိမ်းနှင့် ဗလာစာအုပ် ၄၃၇ စုံတို့ကို ထောက်ပံ့ပေးအပ်သည်။

**ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မက်မန်းမြို့ရှောင်လမ်း ၂ မိုင် ၄ ဖာလုံတွင် ၁ မိုင် ၄ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ နမ့်ကျွတ် (ပန်ဖိန်း)-ပန်ကောက်- ရောင်ပန်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင်တွင် ၅ မိုင် ၄ ဖာလုံ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည် တည်တံ့စေရန် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းရေး၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လိုအပ်သော နေရာများတွင် ရေထုတ်ပြွန်များ ထပ်မံထည့်သွင်း ဆောင်ရွက်ရေး တို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ၎င်းကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် အခြေခံပညာ မူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေးရေးနှင့် လိုအပ်သည့် ကိစ္စရပ်များ ဖြည့်ဆည်းပေးရေး စီမံဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုင်းပျဉ်းမြို့နယ် ဟွေပဟင် ၇ မိုင်ကျေးရွာမှ သုဝဏ္ဏသျှံတောင်တော်အထိ မြေသားလမ်း ၁၃ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့်“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ၄၄ ခု အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၄၅၅၁ သန်းဖြင့် လည်းကောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း သုံးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း နှစ်ကျောင်း တို့ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ အကြံပေးအဖွဲ့နှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  ဇူလိုင် ၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ အကြံပေးအဖွဲ့နှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)



### အောက်ဆီဂျင်လိုအပ်ချက်များဖြည့်ဆည်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုများပြား လျက်ရှိ၍ ဆေးရုံလူနာခုတင်စီမံခန့်ခွဲမှု၊ အောက်ဆီဂျင် လိုအပ်ချက်များ ဖြည့်ဆည်းမှုတို့ကို အထူးဦးစားပေး အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် ရန်ကုန်မြို့၌ သုဝဏ္ဏ ကိုဗစ်-၁၉ ကုသရေးဌာန ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဖောင်ကြီး ကိုဗစ်- ၁၉ ကုသရေးဌာနနှင့် တောင်ဥက္ကလာပဆေးရုံကြီးတို့၌ လည်း လူနာများ အဆင်ပြေစွာ လက်ခံကုသပေးနိုင် ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဖောင်ကြီး၌ လူနာ ၂၀၀ လက်ခံနိုင်ရေး ပြင်ဆင်လျက် ရှိပြီး ၇၀၀၊ ၈၀၀ အထိ လက်ခံနိုင်ရန် ဆက်လက်စီစဉ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုရောဂါပိုး သည် ကူးစက်မှု ပိုမိုမြန်ဆန်ကြောင်း၊ အဓိက စိန်ခေါ်မှုမှာ လူ့စွမ်းအားအရင်းအမြစ်ကိစ္စ ဖြစ် ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခုလက်ရှိအခြေအနေတွင် ဝန်ကြီးဌာန၏ ဝန်ထမ်းအင်အား ၆၀ ရာခိုင်နှုန်းခန့်ဖြင့်သာ ပြည်သူ လူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရပြီး အခက်အခဲများကြားမှ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် နေ့မနား ညမအား တာဝန် ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဝန်ထမ်းများကို အထူးပင် ချီးကျူး ဂုဏ်ပြုပါကြောင်း၊

### စနစ်တကျဆောင်ရွက်

အောက်ဆီဂျင်ထုတ်လုပ်မှုကို အမြင့်ဆုံး ရရှိနိုင် ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးရုံများရှိ အောက်ဆီဂျင်ထုတ်လုပ်စက်များ ပုံမှန်ဆက်လက် လည်ပတ်နိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်ဆီဂျင်အရည်ကို ရန်ကုန်၊ မန္တလေး၌ အသုံးပြု လျက်ရှိပြီး နေပြည်တော်၌လည်း စတင်တပ်ဆင်နေပြီ ဖြစ်ကြောင်း၊ လိုအပ်သော အောက်ဆီဂျင်အရည်ကို နယ်စပ်များမှတစ်ဆင့် တင်သွင်းနိုင်ရေးအတွက် လည်း ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါကူးစက်မှုကျဆင်းစေရေးအတွက် ကန့်သတ် တားမြစ်ခြင်းများကို တရားဥပဒေနှင့်အညီ ရအောင် ညှိနှိုင်းထားရှိကြောင်း၊ အစည်းအဝေးများအား Online မှတစ်ဆင့် Virtual Meeting ဖြင့် ဆောင်ရွက် ရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ခရီး အသွားအလာကန့်သတ်ခြင်း Travel Restriction နှင့် ရောဂါပိုး ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး မထိ ခိုက်စေရန် စက်ရုံ၊ အလုပ်ရုံများတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်- ၁၉ စည်းကမ်းချက်များကို ကြီးကြပ်ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း၊ လူစုလူဝေးဖြစ်ပွားနိုင်သည့် အခမ်းအနားများ၊ ဘာသာရေးပွဲများအား လူအနည်းဆုံးဖြင့် စနစ်တကျ ဆောင်ရွက်ရန်၊ သင်တန်းများ ဆောင်ရွက်ခြင်းအား ခေတ္တဆိုင်းငံ့ထားရန်၊ ကာကွယ်ဆေးထိုးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးပြီးပါက ကူးစက် ဖြစ်ပွားမှုအနည်းအကျဉ်းရှိနိုင်သော်လည်း ရောဂါ ပြင်းထန်မှုမရှိခြင်း၊ ရောဂါပြန့်ပွားမှုကို လျော့နည်းစေ ခြင်း စသည့်အကျိုးကျေးဇူးများ ရှိကြောင်း၊ ကာကွယ်ဆေးများရရှိစေရေး ဆက်လက်ညှိနှိုင်း ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း၊ ယခုနှစ်အကုန် တွင် တစ်နိုင်ငံလုံး ကာကွယ်ဆေးလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းအထိရရှိရန် ရည်မှန်းထားကြောင်း။

### ဦးစားပေးအုပ်စုများခွဲခြား

နိုင်ငံ့ဝန်ထမ်းများ အများစုအား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ လုပ်ကိုင်နေသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၌ လုပ်ကိုင်နေသူ များ စသည်ဖြင့် ဦးစားပေးအုပ်စုများ ခွဲခြား၍ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ ပညာရှင်များမှလည်း ကိုဗစ်- ၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ကိုဗစ်- ၁၉ ရောဂါ စစ်ဆေးခြင်းကို မြှင့်တင်နိုင်ရေး၊ ရောဂါတွေ့ရှိပါက အမြန်ဆုံးကုသမှုရရှိနိုင်ရေးတို့ အား အားဖြည့်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ် ကုသရေးဦးစီးဌာနမှူးများ၏ စွမ်းဆောင်ရည် မြင့်မားစေရန် ဦးစီးဌာနမှ ကြပ်ကြပ်မတ်မတ် ဆောင် ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ အကြံ ပေးအဖွဲ့၌ နာယကများဖြစ်သူ ပါမောက္ခဒေါက်တာ ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီး (အငြိမ်းစား) ပါမောက္ခဒေါက်တာဖေသက်ခင်၊ ကျန်းမာရေးဝန်ကြီး (အငြိမ်းစား)၊ အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းနှင့် အကြံပေးအဖွဲ့ဝင်များက အကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးတို့က ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ရေတိုရေရှည်အလိုက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုးကြီးအလုံး ၅၀ လှူဒါန်း

**ပြည်  ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီက ယနေ့နံနက်ပိုင်း တွင် ပြည်မြို့ ခုတင် ၅၀၀ အထွေ ထွေရောဂါကုဆေးရုံကြီး၏ လူနာ များအတွက် အောက်ဆီဂျင် အိုးကြီးအလုံး ၅၀ လှူဒါန်းကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်အိုးကြီး အလုံး ၅၀ ကို ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ကိုယ်စား ပြည်ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးတို့က ပြည်သူ့ ဆေးရုံကြီး ဆေးသိုလှောင်ရေး ဌာန၌ ယနေ့နံနက်ပိုင်းက လာရောက်လှူဒါန်းရာ ဒုတိယ ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးက လက်ခံခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ ကြောင်း ဆေးရုံကြီး တာဝန်ရှိသူ များထံမှ သိရသည်။ (ဝဲပုံ)

**ကိုဆက်(ပြန်/ဆက်)**

## ကော့မှူးတွင် ပိုးတွေ့လူနာများထားရှိရေး ယာယီဆေးရုံများ ပြင်ဆင်ဆောင်ရွက်

**ကော့မှူး  ဇူလိုင် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူး မြို့နယ်တွင် ပိုးတွေ့လူနာများ ထားရှိ ကုသနိုင်ရေးအတွက် ယာယီဆေးရုံများအဖြစ် ကြိုတင် ပြင်ဆင်ဆောင်ရွက်ခြင်းကို ယနေ့ နံနက်က မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ်တွင် ပိုးတွေ့ လူနာများ ထားရှိရန်အတွက် မြို့ကုန်းကျေးရွာ လင်းလွန်း တစ်ထောင် ကျောင်းတိုက်တွင် ၅၆ ဦး၊ ဘုရားလမ်းရပ်ကွက် တောရကျောင်းတိုက်တွင် ၃၂ ဦး၊ အဖျောက်ကျေးရွာအုပ်စု ဇီးကုန်း ကျေးရွာရှိ မြနန်းနွယ်ကျောင်း တိုက်တွင် ၁၀ ဦး၊ ပိန္နဲကုန်းကျေးရွာ အုပ်စုရှိ ဘာသာလူမှုကုသိုလ်ဌာန တွင် ၁၆ ဦး၊ ကျိုက်ထော်ကျေးရွာ ကျိုက်ထော်ဆေးရုံတွင် လေးဦး၊ စုစုပေါင်း ၁၁၈ ဦး ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ် ကြောင်း သိရသည်။

အဆိုပါ ပိုးတွေ့လူနာများ ထားရှိရန်နေရာများသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး ထွန်းဇော်မင်းနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှ မြို့နယ်တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးတို့က ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို မှာကြားကြောင်း သိရသည်။

ကော့မှူးမြို့နယ် အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါသံသယလူနာများ တွေ့ရှိ ပါကသက်ဆိုင်ရာ အုပ်ချုပ်ရေး



မှူးအဖွဲ့များ၊ ကျန်းမာရေးဌာန များသို့ သတင်းပေးပို့ကြရန်နှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်စည်းကမ်းချက်များနှင့်အညီ နေထိုင်ကြရန် အသံချဲ့စက်များ ဖြင့် စဉ်ဆက်မပြတ် နှိုးဆော်လျက် ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/ မြို့နယ်များအလိုက် မဲစာရင်း စိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသား ပြုလုပ်ခဲ့သည့် အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# မြန်မာ့အာမခံလုပ်ငန်း၏ အာမခံ Product များကို Online/ Mobile Payment ဖြင့် ဝယ်ယူနိုင်မည့်စနစ် စတင်မိတ်ဆက်သည့် အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၏ အာမခံ Product များကို Website, Mobile Application များမှတစ်ဆင့် Online/Mobile Payment ဖြင့် ဝယ်ယူနိုင်မည့်စနစ် စတင်မိတ်ဆက်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) ဆဋ္ဌမထပ် အစည်းအဝေးခန်းမ၌ Online Webinar ဖြင့် ကျင်းပသည်။**

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့အာမခံလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီအစဉ်သည် အာမခံအကာအကွယ်ရယူလိုသည့် ပြည်သူများအနေဖြင့် မိမိရွေးချယ် ဝယ်ယူလိုသော အာမခံ Product များကို ခေတ်နှင့်အညီ အဆင်ပြေချောမွေ့စွာ ရွေးချယ်ဝယ်ယူနိုင်ရန်နှင့် ငွေပေးချေနိုင်ရန် Digital နည်းပညာဖြင့် အာမခံလုပ်ငန်းများကို ပြောင်းလဲအဆင့်မြှင့်တင်ပြီး အခြားပြည်တွင်း/ပြည်ပ ကုမ္ပဏီများနှင့် တန်းတူ ဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ စီမံကိန်းကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ခဲ့ပြီး ပထမနှစ်ပြီးမြောက်သည့်အခါ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံအမျိုးအစား (၂) မျိုးကို မြန်မာ့အာမခံလုပ်ငန်း Website နှင့် Mobile App တို့မှတစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာမခံထားရှိသူများ လူကိုယ်တိုင်လာရောက်၍ ပရီမီယံပေးချေရန်မလိုအပ်ဘဲ Online/ Mobile Payment များဖြင့် ငွေပေးချေခြင်းများကို အဆင်ပြေချောမွေ့စွာ ပေးချေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**Corporate Video ကို ပြသ**

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်း၏ Corporate Video ကို ပြသသည်။

**အခမ်းအနားဖွင့်လှစ်**

ယင်းနောက် မြန်မာ့အာမခံလုပ်ငန်း၏ အာမခံ Product များကို Website, Mobile Application များမှတစ်ဆင့် Online/Mobile Payment စနစ်ဖြင့် စတင်ဝယ်ယူနိုင်မည့် မိတ်ဆက်ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်Online Webinar ဖြင့် ကျင်းပသည့် မြန်မာ့အာမခံလုပ်ငန်း၏ အာမခံ Product များကို Website, Mobile Application များမှတစ်ဆင့် Online/Mobile Payment ဖြင့် ဝယ်ယူနိုင်မည့်စနစ် စတင်မိတ်ဆက်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အာမခံအမျိုးအစား ၂၂ မျိုး လက်ခံ**

မြန်မာ့အာမခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး အသက်အာမခံလုပ်ငန်းကို စတင်ဆောင်ရွက်ကာ နောက်ပိုင်းတွင် အသက်နှင့် အထွေထွေ အာမခံနှစ်မျိုးလုံး လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် အာမခံအမျိုးအစားများအနေဖြင့် အသက်အာမခံ အမျိုးအစား ၁၉ မျိုး၊ အထွေထွေ အာမခံအမျိုးအစား ၂၂ မျိုး လက်ခံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကန့်ဘလူမြို့ အလေးမအားကစားခန်းမ၌ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာများထားရှိရေး ပြင်ဆင်ထားရှိ

ကန့်ဘလူ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကိုဗစ်-၁၉ အတည်ပြုလူနာများ ထားရှိကုသနိုင်ရေး အတွက် နေရာလိုအပ်ချက်အရ တာဝန်ရှိသူများက ဇူလိုင် ၇ ရက်က ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။



ကန့်ဘလူမြို့တွင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံရှိ စောင့်ကြည့်စင်တာနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့တွင် နေရာလိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ စောင့်ကြည့်ကုသနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက်ရှိ အလေးမအားကစားရုံကို ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ လူနာများ ထားရှိကုသနိုင်ရေးအတွက် မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့ရှိ စောင့်ကြည့်ကုသရေးစင်တာ နှစ်ခုတွင် ဇူလိုင် ၇ ရက်အထိ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာ စုစုပေါင်း ၄၄ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မုတ်သုံလေအားနည်းနေ

**နေပြည်တော် ဇူလိုင် ၈**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ်အန္တရာယ် စုပေါင်းကာကွယ် အရေးကြီးပြီ သွေးစည်းကြစို့

စာချစ်သူ

**❖ မြန်မာပြည်ကြီး ဘေးဒုက္ခရောက်စေရန် ကျည်ကွယ်မျက်ကွယ်ရာမှ အခါတော်ပေးနေကြသူများ၏ ပြည်ဖျက်စကားသံများကို ယခုလို အချိန်ဝယ် မယုံစားသင့်တော့။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးသည် ကျွန်တော်တို့အားလုံး၏ နောက်ကျောတွင် နီးကပ်စွာ ချဉ်းကပ်လျက်ရှိနေချေပြီ။ ကိုဗစ်- ၁၉ ကပ်ရောဂါဆိုးကြီးကို အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ ဖိဖိစီးစီး တွန်းလှန်ဆောင်ရွက်နိုင်ရန် ပို၍အရေးကြီးသည်**

ခမ်းနားလှသော တိုက်တာကြီးများ၊ ထည်ဝါလှသော အိမ်ကြီးအိမ်ကောင်းများသည် လမ်းဘေးဝဲယာတွင် တန်းစီလျက်ရှိကြ၏။ တိုက်တိုင်းအိမ်တိုင်းမှာပင် ကိုယ်ပိုင်ဥယျာဉ် ရေကန်များရှိကြသဖြင့် ကျက်သရေမင်္ဂလာရှိလှပေသည်။

လမ်းမကြီးအသွယ်သွယ်တွင်လည်း ကိုယ်ပိုင်ယာဉ်ရထားတို့သည် ဥဒဟိုသွားလာလျက်ရှိကြ၏။ တောကျေးလက်မှ ဈေးလှည်းများ၊ ဈေးသွားဈေးပြန်များကိုလည်း လမ်းတိုင်းမှာ တွေ့ရ၏။ နိုင်ငံနယ်ပယ်မကျယ်ဝန်းလှသော်လည်း မြို့တော်ကား ကြီးကျယ်ခမ်းနားလှပါ၏။

မြို့တော် အမည်ကား ဝေသာလီ။ ပြန့်ပြောသော၊ ကျယ်ဝန်းသော မြို့တော်ကြီးဟု အဓိပ္ပာယ်ရပေသည်။ လူနေအိမ်ခြေများ တစ်စတစ်စ များပြားလာသဖြင့် မူလတံတိုင်း အပြင်ဘက်တွင် မြို့ကွက်များ အသစ်တိုးချဲ့ရ၏။ မြို့ကွက်များကို တံတိုင်းခတ်ပြီးခါမှ မနေလောက်၍ ချဲ့ရပြန်၏။ ဤသို့ဖြင့် ဝေသာလီသည် တံတိုင်းသုံးဆင့်ဖြင့် ခမ်းနားသောမြို့ကြီး ဖြစ်လာပေသည်။

### အညီအညွတ်လက်တွဲကာကွယ်

ဝေသာလီ၏ အာဏာစိုးပိုင်ရာ ဝဇ္ဇီတိုင်းသည် မဂဓ၊ ကောသလတိုင်း နိုင်ငံကြီးများအနီးရှိတိုင်းငယ် ပြည်ငယ်လေးမျှသာ ဖြစ်၏။ သို့သော်လည်း တိုင်းပြည်ကလေးကို နိုင်ငံကြီးများက ချိုးနှိမ်၍ မရနိုင်ပါ။ တိုင်းပြည်၏အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ကြသော လိစ္ဆဝီအမျိုးသားများက အညီအညွတ်လက်တွဲ၍ သူတို့နိုင်ငံကို ကာကွယ်နိုင်ကြပေသည်။

၁။ လိစ္ဆဝီအမျိုးသားတို့သည် နိုင်ငံတော်အာဏာကို စုပေါင်းပိုင်ဆိုင်ကြသည့်အတိုင်း နိုင်ငံတော်နှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများအတွက် မကြာခဏစည်းဝေးကြ၏။

၂။ လိစ္ဆဝီတို့သည် အစည်းအဝေးများကို တညီတညွတ်ပြုလုပ်ကာ အစည်းအဝေးက ချမှတ်ပေးလိုက်သောလုပ်ငန်းများကို ညီညာဖြဖြဆောင်ရွက်ကြ၏။

၃။ လိစ္ဆဝီတို့သည် ရှေးက မပြုလုပ်ခဲ့သေးသော အခွန်ကောက်ခြင်း၊ ဒဏ်ပေးခြင်းကို မပြုလုပ်ကြ။ အမှုအခင်းတစ်ခုခု ပေါ်ပေါက်လာလျှင် ရှေးသူတော်ကောင်းတို့၏ ထုံးတမ်းစဉ်လာဥပဒေအရသာ ဆုံးဖြတ်စီရင်ကုန်၏။

၄။ လိစ္ဆဝီတို့သည် လူကြီးသူမများကို လေးမြတ်ကြည်ညိုရှိသေကြကုန်၏။ လူကြီးသူမများ၏ စကားကို နာခံကြကုန်၏။

၅။ လိစ္ဆဝီတို့သည် အမျိုးသမီးများကို နိုင်ထက်ကလူ သိမ်းယူခြင်း မပြုကြကုန်။

၆။ လိစ္ဆဝီတို့သည် လူများစွာတို့ ကိုးကွယ်ဆည်းကပ်နေသော ဘာသာရေးအဆောက်အအုံများကို ရိုသေစွာ စောင့်ရှောက်ပေးကုန်ကြ၏။

၇။ လိစ္ဆဝီတို့သည် မိမိနိုင်ငံသို့ ရောက်လာကြသော သာသနာပြုသူတော်စင်များကို ဝမ်းမြောက်စွာ ကြိုဆိုကြ၏။ ရောက်နှင့်ပြီးသော သူတော်စင်များကိုလည်း တရားဥပဒေနှင့် လျော်ညီသော အစောင့်အရှောက်ကို ပေးကြကုန်၏။

လိစ္ဆဝီတို့၏ ဤသို့ အလေ့အလာနှင့် ညီညာ ဖြဖြဆောင်ရွက်မှုများကြောင့် ပတ်ဝန်းကျင်နိုင်ငံကြီးများ၏ ကျူးကျော်ရန်စမှုများကို မခံရဘဲ ကာကွယ်နိုင်ကြသည်။

### ကပ်ကြီးသုံးပါး ဆိုက်ရောက်

ထိုသို့ တာဝတိံသာနတ်တို့အလား တင်စားခြင်းခံရသော လိစ္ဆဝီမင်းတို့ စုပေါင်းအုပ်ချုပ်မင်းလုပ်ကြသော ဝေသာလီ၊ ကျောင်းကန်တိုက်တာတွေဖြင့် စည်ကားလှသော ဝေသာလီ၊ ဥယျာဉ်ရေကန် နတ်ဗိမာန်တို့ ပေါများလှသော ဝေသာလီမည်သော ဤမြို့တော်ကြီးတွင် အခါတစ်ပါး ကပ်ကြီးသုံးပါး ဆိုက်ရောက်ခဲ့ပါ၏။

သုံးနှစ်တိုင်တိုင် မိုးဆက်၍ ခေါင်သဖြင့် ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် ပထမဦးဆုံး တိုးကြရ၏။ အစာရေစာငတ်မွတ်လာသောအခါ အူမ မတောင့်၍ သီလမစောင့်နိုင်တော့ဘဲ ခိုးယူလုယက်မှုများ ပေါ်ပေါက်လာ၏။ ထိုမှတစ်ဆင့် သွေးချောင်းစီးမျှတိုက်ခိုက်သတ်ဖြတ်ကြတော့၏။ အစာအာဟာရချို့တဲ့မှု၊ အချင်းချင်းတိုက်ခိုက်မှုများကြောင့် ရောဂါမျိုးစုံလည်း ကျရောက်လာခဲ့၏။ လူအများ သေကျေကြကုန်၏။ သူသေကောင်တို့၏ အနံ့ကြောင့် သားရဲဘီလူးတို့ မြို့တွင်းသို့ဝင်လာသဖြင့် အသေများလာ၏။ ပလိပ်ရောဂါကဲ့သို့ ရောဂါတစ်မျိုးလည်း ဖြစ်ပြန်သဖြင့် သာ၍ အသေများပြန်လေသည်။

ဝေသာလီသည် အိမ်ခြေတိုက်တာစည်ကားသကဲ့သို့ အယူဝါဒအမျိုးမျိုးရှိသော ဂိုဏ်းဆရာကြီးများလည်း ပေါများလှ၏။ အနည်းနှင့် အများဆိုသလို ကိုယ်ပိုင်ပရိသတ်များလည်း ရှိကြ၏။ ထိုပရိသတ်များက သူတို့ဆရာကြီးများကို ဘုရားဟူ၍ အမွှန်းတင်ကြပေသည်။ နိဂဏ္ဍနာဋပုတ္တဆရာကြီးက ထိုမြို့၏ မျက်နှာဖုံးကြီးပင်ဖြစ်ပါ၏။

### မြတ်စွာဘုရားရှင် ကြွရောက်တော်မူ

ဤသို့အယူဝါဒအမျိုးမျိုး၊ ဘုရားအမျိုးမျိုးရှိသော မြို့တော်ကြီးသို့ မြတ်စွာဘုရားရှင် ကြွရောက်တော်မူခဲ့ပါ၏။ ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးနှင့်အတူ တရားမြင်ခဲ့သူ လိစ္ဆဝီအမျိုးသား မဟာလိက ထိုကပ်ဘေးကြီးကို ကာကွယ်နိုင်ရန် မြတ်စွာဘုရားရှင်ကို ပင့်လျှောက်ခဲ့ခြင်း ဖြစ်လေသည်။

မြတ်စွာဘုရားရှင်၏ လှေဖောင်တော်ကြီး ဆိုက်ရောက်ချိန်မှာပင် မိုးကြီးသည်းထန်စွာရွာသောကြောင့် လူသေအလောင်းများ မျောပါသွားသဖြင့် သန့်ရှင်းနေနှင့် လေပြီ။ မြို့တော်တံခါးပေါက်သို့ ရောက်သောအခါ ဘုရားရှင်၏အမိန့်တော်ဖြင့် အရှင်အာနန္ဒာသည် လိစ္ဆဝီမင်းသားတို့ ခြံရံလျက် ဝေသာလီမြို့ရိုး သုံးထပ်အတွင်း၌ ရတနသုတ်ပရိတ်တော်ကို လှည့်ပတ်ရွတ်ဆိုလေသည်။ သပိတ်တော်မှ ရေကိုလည်း ဖျန်းလေရာ မကောင်းဆိုးဝါးဟူသမျှ ပြေးကြ၍ ရောဂါအားလုံးကင်းငြိမ်းရလေသည်။

ရတနသုတ်ဟူသည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ခြေခြေမြစ်မြစ်ဖော်ကျူးထားသော သုတ္တန်တစ်ခုဖြစ်၏။ အယူဝါဒအမျိုးမျိုး၊ ဘုရားအမျိုးမျိုးဖြင့် အုတ်အရောရော၊ ကျောက်အရောရောဖြစ်နေသော မြို့တော်ကြီးတွင် ရတနာအစစ်အမှန်ကို ထုတ်ဖော်ပြသလိုက်ရခြင်းပင် ဖြစ်ပေသည်။

### ဝေသာလီသို့နှယ် မကြုံတွေ့စေချင်

ပစ္စုပ္ပန်မြန်မာနိုင်ငံတွင် ကမ္ဘာ့နိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တစ်ကျော့ပြန်ကူးစက်မှုနှုန်းများ မြင့်တက်လာသည့် အခိုက်ဝယ် တစ်ခေတ်တစ်ခါက ဝေသာလီကို ဤသို့ ပြန်လည်အမှတ်ရလာမိပါ၏။ မြန်မာပြည်ကို ရောဂါဘေး၊ လက်နက်ဘေး၊ ငတ်မွတ်မှုဘေးတို့နှင့် တစ်ပြိုင်တည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဝေသာလီသို့နှယ် မကြုံတွေ့စေချင်ပါ။

**မြန်မာပြည်ကြီး ဘေးဒုက္ခရောက်စေရန် ကျည်ကွယ်မျက်ကွယ်ရာမှ အခါတော်ပေးနေကြသူများ၏ ပြည်ဖျက်စကားသံများကို ယခုလိုအချိန်ဝယ် မယုံစားသင့်တော့။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးသည် ကျွန်တော်တို့အားလုံး၏ နောက်ကျောတွင် နီးကပ်စွာ ချဉ်းကပ်လျက်ရှိနေချေပြီ။ ကိုဗစ်- ၁၉ ကပ်ရောဂါဆိုးကြီးကို အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ ဖိဖိစီးစီး တွန်းလှန်ဆောင်ရွက်နိုင်ရန် ပို၍အရေးကြီးသည်။**

### တစ်သွေမတိမ်း

တတ်နိုင်သူများက ငွေအား၊ လူအား၊ ပစ္စည်းအားဖြင့် နိုင်ငံတော်ကို ကူညီခြင်း၊ နိုင်ငံသားများကလည်း နိုင်ငံကြီးသားပီသစွာ နိုင်ငံတော်၏အမိန့်ညွှန်ကြားချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်သတိပေးချက်များကို တစ်သဝေမတိမ်း လိုက်နာခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုပေသည်။

ထိုသို့ ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အထူးသဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေး လိုအပ်သည်။ သို့အတွက် နိုင်ငံသားတိုင်း ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပေသည်။ ကြောက်မက်ဖွယ် ဗီဇပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်များသည် ကျွန်တော်တို့ နိုင်ငံသားများကို ဒီမိုကရေစီလား၊ ဆိုရှယ်လစ်လား၊ ကွန်မြူနစ်လားဟူ၍ ခွဲခြားလိမ့်မည် မဟုတ်ပေ။ ဆင်းရဲချမ်းသာ၊ လူမျိုးမရွေး၊ ဘာသာမရွေး အဆင့်အတန်းမရွေး သတိကင်းလွတ်သည်နှင့် လူတိုင်းလူတိုင်းကို ကူးစက်ပါလိမ့်မည်။

ရင်ဝ၌ မြားစူးနေသော သူသည် မြား၏လားရာ၊ ပစ်သူ၏ အမျိုးအမည်၊ အသက်အရွယ်စသည်တို့ကို စိစစ်ဆွေးနွေးနေသည့်အစား ရင်ဝမှ မြားကို ဦးစွာ ဆွဲနုတ်ရဘိသကဲ့သို့ ယနေ့မြန်မာပြည်၏ ဦးစားပေးလုပ်ငန်းတာဝန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို ယခုထက်မပြန့်ပွားလာစေရန် ထိန်းချုပ်ခြင်း၊ တွန်းလှန်ခြင်း၊ နောက်ဆက်တွဲ ဖြစ်ပေါ်သက်ရောက်လာမည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝအဝဝ ပြန်လည်နာလန်ထူစေရန် ကြိုးပမ်းအားထုတ်ခြင်းလုပ်ငန်းရပ်များသည်သာ အဓိကဖြစ်ပေသည်။ *စာမျက်နှာ ၇ သို့*

**ဝဇ္ဇီတို့၏ ကြီးပွားကြောင်းတရား ခုနစ်ပါးနှင့် ဆက်စပ်၍ ဖြောင့်မှန်စွာ မိန့်ကြားသောဘုရားစကားတော်ကို လိုရာအဓိပ္ပာယ်ကောက်ယူ၍ “အရှင်ဂေါတမ၊ ကြီးပွားကြောင်းတရားတစ်ပါးပါးဖြင့်ပင် ဝဇ္ဇီတို့အတွက် ကြီးပွားခြင်းသာဖြစ်ရာ၏။ ဆုတ်ယုတ်ပျက်စီးမှုဟူ၍ မဖြစ်နိုင်ရာ။ ကြီးပွားကြောင်းတရား ခုနစ်ပါးလုံးနှင့် ပြည့်စုံသော်ကား အဘယ်ဆိုဖွယ်ရာ ရှိချိမ့်မည်နည်း။ အရှင်ဂေါတမ၏ မိန့်ကြားချက်အရ တပည့်တော် သဘောပေါက်သွားပါပြီ။ အဇာတသတ်မင်းသည် ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့် သော်လည်းကောင်း၊ သူတို့အချင်းချင်း သင်းခွဲပေးခြင်းဖြင့် သော်လည်းကောင်း သူတို့ကိုချေမှုန်းရပါတော့မည်ဘုရား”ဟူသည့် ဝဿကာရအမတ်ကြီး၏ ပြည်ဖျက်နည်းပရိယာယ်လို ခေတ်သစ်ဝဿကာရများ၏ အကြံအစည်ကို သမိုင်းသင်ခန်းစာအဖြစ် တစ်မျိုးသားလုံး သတိချပ်ဖို့လိုပါ၏**

# တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးခြင်း နှင့် တိရစ္ဆာန်အစာ ချဉ်ဖတ်ထုတ်လုပ်ခြင်း တိုးမြှင့်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၈**

တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးခြင်းနှင့် တိရစ္ဆာန်အစာ ချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံ၏ နှစ်စဉ်အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးအတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ် အပါအဝင် အသားကဏ္ဍသည်လည်း အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်နေလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ကိုင်သူများအနေဖြင့် လွတ်ကျောင်းစနစ်အစား တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ကြစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် နည်းပညာပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်အစာပင်များ လက်တွေ့စိုက်ပျိုးပြသခြင်းများ၊ တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်နည်းများ ဖြန့်ဝေပေးခြင်းကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှုးချုပ်များက ဆွေးနွေးခဲ့ကြသည်။



တိရစ္ဆာန်အစာပင်များကို အစိုဓာတ် ၆၅-၇၀ ရာခိုင်နှုန်းရှိသော ပြောင်းပင်နှင့် အဖူးကို စဉ်းဖြတ်၍လေကင်းမဲ့သော အခြေအနေတွင် အချဉ်ပေါက်စေပြီး စနစ်တကျ သိုလှောင်သိမ်းဆည်းထားရာမှ ရရှိလာသော ချဉ်ဖတ်များကို ကျွဲ၊ နွား၊ သိုး၊ ဆိတ်များအား ကျွေးမွေးနိုင်သည့် အစာတစ်မျိုး ဖြစ်သည်။ အဆိုပါ ချဉ်ဖတ်ကို တိရစ္ဆာန်များ နှစ်သက်မှုရှိပြီး အာဟာရဓာတ် ကြွယ်ဝမှုလည်းရှိကြောင်း၊ (၂)နှစ်အထိ သိုလှောင်ကျွေးမွေးနိုင်သဖြင့် ရာသီအလိုက် တိရစ္ဆာန်အစာ အခက်အခဲရှိသော ဒေသများရှိ မွေးမြူရေးတောင်သူများအတွက် များစွာအကျိုးရှိသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ပြည်ပပို့ကုန်အတွက်လည်း အလားအလာရှိသည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်၍ ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် အစီအမံများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ချဉ်ဖတ်ပြုလုပ်ပါက အစာပင်များကို အာဟာရဓာတ်အမြင့်ဆုံးနှင့် ထွက်နှုန်းအမြင့်ဆုံး အခြေအနေတွင် ရိတ်သိမ်းနိုင်သည့်အတွက် အမြင့်ဆုံးအထွက်နှုန်းနှင့် အာဟာရတန်ဖိုးကို ရရှိမည်ဖြစ်ပြီး မြက်ခြောက်ကဲ့သို့ မီးဘေးအန္တရာယ်မရှိဘဲ သိမ်းဆည်းနိုင်မည်ဖြစ်သည်။ ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း နေပြည်တော်၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ သရက်နှင့် ရန်ကုန်တို့တွင် တိရစ္ဆာန် အစာပင်စိုက်ပျိုးခြင်းနှင့် ချဉ်ဖတ်ပြုလုပ်ခြင်းသင်တန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ အလားတူ ပြောင်းချဉ်ဖတ် ပြည်ပတင်ပို့နိုင်ရေး လုပ်ငန်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း၊ လယ်ယာထွက်ကုန်များ ကုန်သွယ်ရာတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံမှ တိရစ္ဆာန်အစာ ချဉ်ဖတ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် အပင်များအပေါ် ကူးစက်တတ်သော ရောဂါပိုးများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်အညီ လေ့လာအကဲဖြတ်၍ ဇွန် ၁၇ ရက်မှ စတင်၍ စမ်းသပ်တင်သွင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် (Stay at Home) သတ်မှတ်ထားသော မြို့နယ်များ၌ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိ

**ဇမ္ဗူသီရိ ဇူလိုင် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း များပြားလာသည့်အတွက် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ပျဉ်းမနား-တောင်ညိုလမ်း(ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်နယ်စပ်)၊ နေပြည်တော်ကောင်စီလမ်း(ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်နယ်စပ်)၊ တော်ဝင်ရတနာလမ်း(ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်နယ်စပ်)၊ ရာဇသင်္ဂဟလမ်း (ရေပန်းဥယျာဉ် ပေါက်ရှေ့)၊ နန်းချွန်လမ်းဆုံ၊ ဇမ္ဗူသီရိဆေးရုံလမ်း(ချိုင်းရွာလမ်းဆုံ)၊ တော်ဝင်ရတနာလမ်း (ရွှေကြာပင်မီးပွိုင့်)၊ ရာဇသင်္ဂဟလမ်း (ဂေါက်ကွင်းထိပ်)၊ ဉာဏအောင်မြေလမ်း (MICC-2)ရှေ့နှင့် နေပြည်တော်မြို့ပတ်လမ်း (V-4 လမ်းဆုံ)တို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အဖွဲ့ ၁၀ ဖွဲ့ခွဲကာ Stay at Home နှင့် စပ်လျဉ်းသည့် အမိန့်ကြေညာချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ယနေ့နံနက်ပိုင်းမှ စတင်ကာ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။



အလားတူ ပျဉ်းမနားမြို့နယ်အတွင်းရှိ နေရာကိုးနေရာတွင်လည်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



# ကနီမြို့၌ နှာခေါင်းစည်းများဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပေးဆောင်ရွက်

**ကနီ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၇ ရက် ညနေ ၄ နာရီက ကနီမြို့လယ်လမ်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကနီမြို့နယ် ကိုဗစ်-၁၉ အရေးပေါ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုး ဦးဆောင်ကာ ဌာနဆိုင်ရာများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် အသိပေးကြေညာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆလိုင်း(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

## စုပေါင်းကာကွယ်ကြဖို့လိုအပ်

"တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်" ဟူသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပါအတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို တစ်မျိုးသားလုံး စုပေါင်းတွန်းလှန်ကာကွယ်ကြဖို့ လိုအပ်ပေသည်။

အရေးကြီးပြီ သွေးစည်းကြစို့၊ မြန်မာပြည်သည် ဝေသာလီကဲ့သို့ အစာအာဟာရချို့တဲ့မှု၊ အချင်းချင်း တိုက်ခိုက်မှုများကြောင့် ရောဂါမျိုးစုံကျရောက်မှုဟူသည့် ကပ်ဘေးကြီးသုံးပါးနှင့် မကြုံတွေ့စေချင်ပါ။ ထို့အတူ မြန်မာပြည်သည် ဝေသာလီကဲ့သို့ ဝဿကာရအမတ်ကြီး၏ သွေးခွဲသပ်လျှိုဖြိုခွင်းမှုကြောင့် မဂဓတိုင်းကြီးရှင် ဘုရင်အဇာတသတ်၏ ရန်ကို မတွန်းလှန်နိုင်ဘဲ တစ်ပြည်ထောင်လုံး ပြိုကွဲပျက်စီးသွားခဲ့ရသလိုမျိုး မဖြစ်စေချင်ပါ။

သို့ဆိုပါလျှင် **ဝဇ္ဇီတို့၏ ကြီးပွားကြောင်းတရားခုနစ်ပါးနှင့် ဆက်စပ်၍ ဖြောင့်မှန်စွာ မိန့်ကြားသောဘုရားစကားတော်ကို လိုရာအဓိပ္ပာယ်ကောက်ယူ၍ "အရှင်ဂေါတမ၊ ကြီးပွားကြောင်း တရားတစ်ပါးပါးဖြင့်ပင် ဝဇ္ဇီတို့အတွက် ကြီးပွားခြင်းသာဖြစ်ရာ၏။ ဆုတ်ယုတ်ပျက်စီးမှုဟူ၍ မဖြစ်နိုင်ရာ။ ကြီးပွားကြောင်းတရား ခုနစ်ပါးလုံးနှင့် ပြည့်စုံသော်ကား အဘယ်ဆိုဖွယ်ရာရှိချိမ့်မည်နည်း။ အရှင်ဂေါတမ၏ မိန့်ကြားချက်အရ တပည့်တော် သဘောပေါက်သွားပါပြီ။ အဇာတသတ်မင်းသည် ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့် သော်လည်းကောင်း၊ သူတို့ အချင်းချင်း သင်းခွဲပေးခြင်းဖြင့် သော်လည်းကောင်း သူတို့ကိုချေမှုန်းရပါတော့မည်ဘုရား"ဟူသည့် ဝဿကာရအမတ်ကြီး၏ ပြည်ဖျက်နည်းပရိယာယ်လို ခေတ်သစ်ဝဿကာရများ၏ အကြံအစည်ကို သမိုင်းသင်ခန်းစာအဖြစ် တစ်မျိုးသားလုံးသတိချပ်ဖို့လိုပါ၏။**

ကိုးကား - ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်တောင်ကြိုးဝိုင်း(၃)၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။ (ယာပုံ)**



သစ်ပင်စိုက်ပျိုးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးက ကျွန်းပင်၊ အမြဲတမ်းအတွင်းဝန်က ပျဉ်းကတိုးပင်တို့ကို စိုက်ပျိုးကာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက စိုက်ကွက် ဧရိယာ နှစ်ဧကအတွင်းရှိ သတ်မှတ်နေရာ အသီးသီးတွင် အဖိုးတန်သစ်မျိုးများဖြစ်သော ပိတောက်၊ မဟော်ဂနီနှင့် အရိပ်ရလေကာ ကြီး/မြန် သစ်မျိုးများဖြစ်သည့် ယင်းမာ၊ မန်ကျည်းရွှေ၊ ပန်းမဲဇလီ စသည့် သစ်မျိုးများအပါအဝင် အပင်ပေါင်း ၁၀၀၀ စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်အတွင်း နေပြည်တော်-တပ်ကုန်း အမှတ် (၁) လမ်းတစ်လျှောက် ခွာညိုပန်းအဝိုင်းမှ သတ္တသတ္တာဟာဘုရားအထိ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ကြီးများဖြင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးထားရှိမှု၊ ၂၀၁၁ ခုနှစ် လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ သစ်မျိုးစုံ စိုက်ခင်း ၁ ဒသမ ၅ ဧကတွင် ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကားလမ်းဘေး ဝဲ/ယာရှိ စိမ်းလန်းစိုပြည်ရေးအတွက် တစ်အုပ်တစ်မ သစ်ပင် ဆက်လက်စိုက်ပျိုးသွားမည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရှေ့အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အားကစားဆိုင်ရာဝန်ကြီးများ၏ တားမြစ်ဆေးဝါးဆိုင်ရာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**

ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရှေ့အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများမှ အားကစားဆိုင်ရာ ဝန်ကြီးများ၏ တားမြစ်ဆေးဝါးဆိုင်ရာ အမြင်ချင်း ဖလှယ်ခြင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပရာ မြန်မာနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဆွေးနွေးသည်။







**တက်ရောက်ဆွေးနွေး**

ဆွေးနွေးပွဲသို့ ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr.Witold Banka နှင့် ဒုတိယဥက္ကဋ္ဌ Ms. Yang Yang ၊ အရှေ့အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများမှ အားကစားဆိုင်ရာ ဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားဆိုင်ရာ ဆေးဘက် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေး ဖလှယ်ခဲ့ကြသည်။

ရှေးဦးစွာ ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Witold Banka က ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့၏ ကြုံတွေ့နေရသော အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တားမြစ်ဆေးဝါး ဆန့်ကျင်ရေး လုပ်ငန်းများအကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ကြုံတွေ့ရသည့် အခြေအနေ၊ World Anti-Doping Agency (WADA) ၏ နှစ်စဉ် ဘတ်ဂျက်နှင့် အနာဂတ်တွင် အစိုးရဌာနများ၊ အဖွဲ့ချုပ်များ အပြင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာသော သန့်ရှင်းသည့် အားကစားလောကတည်ဆောက်နိုင်ရန် အကျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေ၊ World Anti-Doping Agency (WADA) မှ Regional Anti-Doping Organization-(RADO)နှင့် Myanmar Anti-Doping Organizatio-(MADO) များသို့ အထောက်အပံ့ပေးအပ်မှု အခြေအနေများအကြောင်း ဆွေးနွေးသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ဆက်လက်၍ ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ Ms. Yang Yang က အားကစားသမားတစ်ဦး၏ ဘဝ စတင်သည့်အချိန်မှ စတင်၍ တားမြစ်ဆေးဝါးဆိုင်ရာ ပညာပေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသော အားကစားလောကတည်ဆောက်နိုင်ရေး၊ World Anti-Doping Agency (WADA) ၊ E-Learning Programme ပညာပေးအစီအစဉ်ကို World Anti-Doping Agency (WADA) Website တွင် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ပညာပေး လုပ်ငန်းများတွင် အားလုံးပါဝင် သင်ယူပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် တားမြစ်ဆေးဝါး ဆန့်ကျင်ရေး ကော်မတီအား ၂၀၁၉ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ Myanmar Anti-Doping Organization - (MADO)၏ Website ကို ယခုနှစ် အစောပိုင်းကာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများအား အထောက်အကူပြုပညာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များအား တားမြစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ဖြန့်ဝေလျက်ရှိကြောင်း၊ ကမ္ဘာ့တားမြစ်ဆေးဝါးဥပဒေ World Anti-Doping Agency (WADA Code) ကို မြန်မာဘာသာသို့ ပြန်ဆို၍ တားမြစ်ဆေးဝါးဥပဒေ ပေါ်ပေါက်လာရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Myanmar Anti-Doping Organization - (MADO)သည် ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့၏ တားမြစ်ဆေးဝါး စစ်ဆေးမှု အထောက်အပံ့ဖြင့် အားကစားပြိုင်ပွဲပြင်ပ တားမြစ်ဆေးဝါးသုံးစွဲမှုကို နှစ်စဉ်စစ်ဆေးပေးလျက်ရှိပြီး ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့မှ အသိအမှတ်ပြုထားသော ကာတာနိုင်ငံရှိ ဓာတ်ခွဲခန်းသို့ အရှေ့တောင်အာရှ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် ပေးပို့စစ်ဆေးလျက်ရှိကြောင်း၊ ယခုအခါတွင် ပြည်တွင်းပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲတွင်း စစ်ဆေးခြင်းများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် တားမြစ်ဆေးဝါးသုံးစွဲမှု စစ်ဆေးခြင်းတို့ကို နိုင်ငံ၏ အစီအစဉ်အရ ဘဏ္ဍာငွေခွင့်ပြု၍ စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar Anti-Doping Organization - (MADO) အနေဖြင့် အရှေ့တောင်အာရှ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့နှင့် ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့တို့နှင့် လက်တွဲ၍ တားမြစ်ဆေးဝါးဆိုင်ရာ သုတေသနလုပ်ငန်းများ နည်းပညာ အထောက်အပံ့များ ကူညီပေးစေလိုပါကြောင်း မြန်မာနိုင်ငံတွင် သန့်ရှင်းသော အားကစားနယ်ပယ် ပေါ်ထွန်းလာရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ အားကစားဆိုင်ရာ ဝန်ကြီးများက သက်ဆိုင်ရာနိုင်ငံများ၏ တားမြစ်ဆေးဝါးဆိုင်ရာ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တားမြစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ဂျပန်နိုင်ငံအားကစားဝန်ကြီးက 2020 Tokyo Olympic အားကစားပြိုင်ပွဲတွင် တားမြစ်ဆေးဝါးသုံးစွဲခွင့် မရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ အတွေ့အကြုံများ၊ အခက်အခဲများ အပြန်အလှန် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်း၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း ဇူလိုင် ၈**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းထောက်ပံ့ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျေးရွာ ခုနစ်ရွာတွင် ဂဝံမြေသားလမ်း နှစ်လမ်း၊ ကွန်ကရစ်လမ်း နှစ်လမ်း၊ ကွန်ကရစ်တံတား တစ်စင်း၊ ရေပေးရေးလုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်းခုနစ်ခုတို့ကို ငွေကျပ်သိန်း ၇၀၀ ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာလူထုကိုယ်တိုင် ၎င်းတို့ကျေးရွာ၏ ပကတိအခြေအနေများကို ဖော်ထုတ်ပြီး ဦးစားပေးအစဉ်အလိုက် စီမံချက်များကို စနစ်တကျ ရေးဆွဲတတ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်**
**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း၌ မီးသုံးစွဲသူပြည်သူလူထုများ အထိုက်အလျောက်သက်သာမှုဖြစ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စတင်၍ ၂၀၂၁ ခုနှစ်၊ မတ်လအထိ လအလိုက် တစ်လလျှင် ၁၅၀ ယူနစ် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်ပြုခဲ့သည့်အပြင် လအလိုက် နောက်ဆုံးပေးသွင်းရမည့်ရက်များကိုလည်း ရွှေ့ဆိုင်းကာ နောက်ကျဒဏ်ကြေး ကင်းလွတ်ခွင့်ပြု၍ နောက်ကျပေးသွင်းစေခဲ့ခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

၂။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်စေရန် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင်စက်ရုံများမှလည်း လျှပ်စစ်ဓာတ်အားများကို ဝယ်ယူဖြန့်ဖြူးပေးနေရသဖြင့် မိဘပြည်သူများမှ မိမိတို့သုံးစွဲခဲ့သည့် လျှပ်စစ်ဓာတ်အားခများကို ပေးသွင်းမှသာလျှင် စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ် ဝယ်ယူဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် ယခင်နှစ်ကာလများကတည်းက လစဉ်မိမိတို့သုံးစွဲသည့် ဓာတ်အားခကို ပေးဆောင်နေခဲ့ကြခြင်းမှာ ပုံမှန်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ယခုအချိန်တွင် ပြည်သူများကို ဓာတ်အားခမပေးချေကြရန်နှင့် လျှပ်စစ်ဓာတ်အားခများ ကောက်ခံခြင်းရပ်တန့်ရန် အထူးအသိပေးခြင်းဆိုသည့် ဖက်ဆစ်ဆန့်ကျင်ရေး လက်ရုံးတပ်ဖွဲ့(ဖ.ဆ.လ.တ)၏ ဆောင်ရွက်ချက်သည် ပြည်သူများ သုံးစွဲနေသော လျှပ်စစ်ဓာတ်အားကို ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးပေးရန်အတွက် ဓာတ်အားထုတ်လုပ်မှုစရိတ်၊ ဝယ်ယူနေရသော သဘာဝဓာတ်ငွေ့နှင့် (LNG) ဓာတ်အားခများအတွက် ဝင်ငွေမရရှိပါက အခက်အခဲဖြစ်ပေါ်လာနိုင်ပြီး ပြည်သူများ လျှပ်စစ်မီးလျော့နည်းရရှိကာ မီးများအလှည့်ကျပေးရသည်အထိ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်းနှင့် ပြည်သူများအတွက်ထိခိုက်မှုအန္တရာယ်ရှိလာအောင် ပြုလုပ်နေခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။

၄။ သို့ဖြစ်ပါ၍ မိမိတို့ သုံးစွဲခဲ့သော လျှပ်စစ်မီတာခများကို လစဉ်ပုံမှန်ပေးဆောင်ခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲအသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် ဇူလိုင် ၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်(၂၂)ကို ဇူလိုင် ၉ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်(၂၂)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၉ ရက်နှင့် ဇူလိုင် (၁၀၊ ၁၁) ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့မီးရထားအနေဖြင့် ခရီးသွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများပြေးဆွဲ

**နေပြည်တော် ဇူလိုင် ၈**

မြန်မာ့မီးရထားက ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်များပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဘူတာအဝင်နှင့် ရထားများပေါ်တွင် ခရီးသည်များ၏ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဘူတာအဝင်ရှိ လက်ဆေးခုံများတွင် လက်ဆေးစေခြင်း၊ Mask တပ်ပြီး ဘူတာအတွင်းနှင့် ရထားပေါ်သို့ တက်ရောက်စေခြင်း၊ Social Distancing အတွက် တွဲများပေါ်တွင် နှစ်ယောက်ထိုင်နိုင်သော ထိုင်ခုံ တစ်ခုံ၌ ခရီးသည် တစ်ဦးသာ ရောင်းချစေခြင်း၊ သတ်မှတ်ခရီးသည်ဦးရေမှအပ ထိုင်ခုံမဲ့ လုံးဝမရောင်းစေခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

### နေ့စဉ် စုန်/ဆန် စီစဉ်ပြေးဆွဲ

ရထားခရီးစဉ်များအနေဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် မြို့ပတ်ရထား နေ့စဉ် ၁၂ ခေါက် ပြေးဆွဲပေးလျက်ရှိပြီး အင်းစိန်-ဥက္ကံ လမ်းပိုင်းတွင် အမှတ်(၆၅)အဆန် ၊ (၆၆)အစုန် RBE ရထား၊ မန္တလေး-ကန့်ဘလူ လမ်းပိုင်းတွင် အမှတ်(၅၃)အဆန်၊ (၅၄)အစုန် RBE ရထား၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ (၂)အစုန် စာပို့ရထား၊ ရန်ကုန်-ပဲခူးလမ်းပိုင်းတွင် အမှတ် (၁၃) အဆန် ၊ (၁၄)အစုန် RBE ရထား၊ ပျဉ်းမနား- တောင်တွင်းကြီး လမ်းပိုင်းတွင် အမှတ်(၁၀၃) အဆန်၊ (၁၀၄)အစုန် လူစီးကုန်တင်ရထား၊ ဟင်္သာတ-ကြံခင်းလမ်းပိုင်းတွင် အမှတ်(၁၈၉) အဆန်၊ (၁၉၀) အစုန် လူစီးကုန်တင်ရထား၊ သာစည်- မြင်းခြံလမ်းပိုင်းတွင် အမှတ်(၁၁၁)အဆန်၊ (၁၁၂) အစုန် လူစီးကုန်တင်ရထားများနေ့စဉ် စုန်/ဆန် စီစဉ်ပြေးဆွဲလျက်ရှိသည်။

ထို့နည်းတူ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၉)အဆန်၊ (၉၀)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၆၃) အဆန်၊ (၆၄) အစုန်စာပို့ရထားများ အဆန် တစ်ရက် အစုန် တစ်ရက် ပြေးဆွဲပြီး တစ်ရက်နားစနစ်ဖြင့် စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၇) အဆန်၊ (၈)အစုန် လူစီးအမြန်ရထား၊ ပုသိမ်-ဟင်္သာတလမ်းပိုင်းတွင် အမှတ် (၁၈၇) အဆန်၊ (၁၈၈) အစုန် လူစီးကုန်တင်ရထား၊ မော်လမြိုင်- ရေးလမ်းပိုင်းတွင် အမှတ်(၁၇၁)အဆန်၊(၁၇၂)အစုန် လူစီးကုန်တင်ရထား၊ ပုဂံ-မန္တလေးလမ်းပိုင်းတွင် အမှတ်(၁၁၇) အဆန်၊ (၁၁၈) အစုန် လူစီးကုန်တင်ရထားများ အဆန်(၁)ရက် အစုန်(၁)ရက်ဖြင့် စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၁) အဆန်(၂)အစုန် စာပို့ရထားကို ပါဆယ်တွဲနှင့် ကုန်တွဲများချိတ်ဆက်လျက် နေ့စဉ် စုန်/ဆန်ပြေးဆွဲပြီး ပါဆယ်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်အမျိုးမျိုးကို ကျောက်ရထားများဖြင့် သိမ်ဇရပ်- ဇင်းကျိုက်တို့မှ မလွှကုန်းအထိ ပို့ဆောင်ပြေးဆွဲပေးခြင်းနှင့် ကုန်ပစ္စည်းတင်ပို့ရန် တွဲတောင်းခံလာမှုအပေါ် မူတည်၍ အခါအားလျော်စွာ ကုန်ရထားများ ဖွဲ့ဆင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၁၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ အောင်ဘုသည် မိသားစုအတွက် ထာဝရမိတ်ဆွေနှင့် အဖော်မွန်ကို ရွေးချယ်ပေးနိုင်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ထာဝရအဖော်"မျက်နှာဖုံးကာတွန်း၊ အစားအသောက်များထဲတွင် အချိုမှုန့်ကို ပါဝင်ထည့်သုံးခြင်းကြောင့် ရရှိခံစားရနိုင်သော ကျန်းမာရေး ဆိုးကျိုးများအကြောင်းကို တင်ဆက်ထားသည့် "အချို့မှုန့်အန္တရာယ် ရှောင်ကြမယ်" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ ဖိုးသန့်လေးသည် သူ၏ မိခင်ကို ပိုက်ဆံအိတ်များများဝယ်ရန် အကြံပေးပုံအကြောင်း ရေးဖွဲ့ထားသည့် "ဖိုးသန့်လေး" နှစ်မျက်နှာကာတွန်း၊ စိတ်ကောင်းထားကာ လုပ်ဆောင်သောအရာတိုင်းသည် မြင့်မြတ်သော ဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "စိတ်ကောင်းထားက မြတ်လှသည်" ဝတ္ထုကဏ္ဍ၊ မြင်းလေး "ယူနီကွန်း"ကို မြေပြင်က တစ်ဖဝါးမှ မခွာစေရန် ထိန်းသိမ်းကြတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သော နတ်သမီးငယ်လေး နှစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည့် "မြင်းဆိုးလေး ယူနီကွန်း" ပုံပြင်ကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စာ




စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆု(၂၀၂၀)ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များ တိုးပွားရေးအတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်အတွက် ဘာသာပြန် ပြဋ္ဌာန်းစာအုပ်မှာ MARC E, AGRONIN, MD ရေးသားသည့် the END OF OLD AGE စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဆိုင်၊ ဖုန်း- ၀၁-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိ စာပေဗိမာန် အရောင်းဆိုင် ဖုန်း - ၀၆၇-၃၄၀၄၁၆၈၊ ၈၆ လမ်း ၂၁x၂၂ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိစာပေဗိမာန် အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၇၀၀ တို့ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း၊ စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့်သော်လည်းကောင်း ဝယ်ယူနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူများကိုလည်း ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာသို့ပင် လိပ်မူ၍ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မတူညီသောတန်ဖိုးများကို လေးစားတတ်ခြင်း

သိန်းထွန်း (IR)

**ဆန့်ကျင်ဘက်အသွင်**

မြန်မာနိုင်ငံမှာ မတူကွဲပြားမှုတွေ များပြားလှပါတယ်။ အဲဒီလို တိုင်းရင်းသားလူမျိုးစုတွေ များပြားသလို ဘာသာတရားတွေ၊ ယဉ်ကျေးမှုတွေ စတဲ့ မတူကွဲပြားမှုတွေ ရှိနေတာဟာ မြန်မာနိုင်ငံရဲ့ သဘာဝတရားကပေးထားတဲ့လက်ဆောင်တစ်ခုလို့ မြင်မိပါတယ်။ အရောင်အသွေးစုံလင်တဲ့ ပန်းခင်းတစ်ခုလို မတူညီတဲ့ ရသတွေပေးနေတဲ့၊ ရှုမငြီးတဲ့အလှတရားတွေပါပဲ။ ဒီအလှတရားတွေ ပိုမိုလှပဖို့၊ ရေရှည်တည်တံ့ဖို့ ဘယ်လိုဖန်တီးကြမယ်၊ ဘယ်လိုစီမံကြမလဲဆိုတာအတွက် တစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်တန်ဖိုးတွေ၊ အဖွဲ့အစည်းရဲ့ တန်ဖိုးတွေက အရေးပါလှပါတယ်။

လက်ရှိအခြေအနေမှာတော့ မြန်မာ့လူမှုအသိုက်အဝန်းမှာ မတူကွဲပြားမှုကို အပြုသဘော ရှုမြင်ကြ၊ ချဉ်းကပ်ကြ၊ ဆက်ဆံတတ်ကြတဲ့ အပြုသဘောတန်ဖိုးထားတဲ့ ယဉ်ကျေးမှုထက် တစ်ဖက်သတ်အမြင်တွေ၊ သဘောတွေနဲ့ ပြုမူဆက်ဆံတတ်တဲ့ အလေ့အထတွေက ပိုမိုများပြားပါတယ်။ သဘောကတော့ မတူညီမှုတွေကို "ငါ" ဆိုတဲ့ လမ်းကြောင်းကပဲ ချဉ်းကပ်ခဲ့ကြတာပါ။

ဒါကြောင့်လည်း ဒီကနေ့ လူမှုအသိုက်အဝန်းမှာ မျှတတဲ့လူမှုဆက်ဆံရေးဆိုတာထက် ဘက်မညီတဲ့ လူမှုဆက်ဆံရေးတွေ အလေးသာနေတဲ့အခြေအနေကို တွေ့ကြရမှာပါ။ မတူညီတဲ့တန်ဖိုးဆိုတာတွေဟာ မတူညီတဲ့အရည်အသွေးတွေပဲ ဖြစ်ပါတယ်။ မတူညီတဲ့ အရည်အသွေးများဟာ ဆန့်ကျင်ဘက်အသွင်၊ ရန်ဘက်အသွင်လို့ ယူဆလို့ မရပါဘူး။ မတူကွဲပြားမှုရဲ့ တန်ဖိုး (the value of diversity) တွေသာ ဖြစ်ပါတယ်။ ဒါကို မိတ်ဖက်အသွင် ရှုမြင်လက်ခံခြင်းထက် ဆန့်ကျင်ဘက်အသွင်၊ ရန်ဘက်အသွင် လက်ခံယူဆနေသမျှ ဟန်ချက်မညီတဲ့ပတ်ဝန်းကျင်၊ ပဋိပက္ခအသွင်ဝန်းကျင်တွေ ဖြစ်နေပါလိမ့်ဦးမယ်။

**မျှတသောလူမှုဝန်းကျင်**

မျှတတဲ့လူမှုဝန်းကျင်ဖြစ်ဖို့ဆိုရာမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်တတ်ဖို့၊ အခြားသူတွေရဲ့ အယူအဆမတူကွဲပြားမှုကို လေးစားတတ်ဖို့၊ "လူ"ကို စိန်ခေါ်ခြင်းထက် "အတွေးအခေါ်" အယူအဆကို စိန်ခေါ်တတ်ဖို့၊ ကိုယ့်ရဲ့အတွေးအခေါ်တွေကို ဖွင့်ထားဖို့ဆိုတာတွေ လိုအပ်ပါတယ်။ မျှတတဲ့လူမှုဝန်းကျင်တစ်ရပ်ကို လိုလားရင် ကိုယ်ကိုယ်တိုင်ရော မျှတတဲ့လူမှုဝန်းကျင်တစ်ရပ်မှာ ရှိသင့်တဲ့ တန်ဖိုးတွေ၊ အရည်အသွေးတွေရှိပြီလားဆိုတာ ဆန်းစစ်ကြရမှာပါ။ ကိုယ်စီကိုယ်စီက ကိုယ်ပိုင်တန်ဖိုးတွေ မြင့်မားပြီး လိုက်နာကျင့်ကြံကြမယ်ဆိုရင် တစ်ဖက်စောင်းနင်း အခြေအနေ မဖြစ်တော့ဘဲ မျှတတဲ့ လူမှုပတ်ဝန်းကျင်ကို မျှော်မှန်းနိုင်ပါလိမ့်မယ်။ မျှတတဲ့လူမှုဝန်းကျင်တော့ လိုလားပါရဲ့၊ ဒါပေမယ့် ကိုယ်စီကိုယ်စီ ရှိသင့်ရှိထိုက်ပြီး ပြုစုပျိုးထောင်သင့်တဲ့ ကိုယ်ပိုင်တန်ဖိုးတွေ၊ အဖွဲ့အစည်း တန်ဖိုးတွေ မရှိကြဘူး၊ လိုက်နာကျင့်ကြံမှုမရှိကြဘူးဆိုရင် စိတ်ကူးယဉ်တဲ့ လိုလားချက်ပဲ ဖြစ်ပါလိမ့်မယ်။ ကိုယ်စီအရည်အသွေးတွေ တိုးတက်လာမှ အကျိုးပြုတဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေ၊ တည်ငြိမ်မှုတွေ၊ ငြိမ်းချမ်းမှု၊ မျှတမှုတွေ ရရှိနိုင်ပါလိမ့်မယ်။

> **လူမှုတန်ဖိုးတွေမှာ တစ်ဦးချင်းလိုက်နာကြရတာတွေရှိသလို အဖွဲ့အစည်း တန်ဖိုးအလိုက် လိုက်နာကျင့်ကြံကြရတာတွေ ရှိပါတယ်။ အခြေခံဖြစ်တဲ့ တစ်ဦးချင်း လိုက်နာကျင့်ကြံကြရတဲ့ ကိုယ်ပိုင်တန်ဖိုးတွေ တိုးတက်ရေးဟာ ပိုလို့အရေးပါပါတယ်။ တစ်ဦးချင်းရဲ့ တန်ဖိုးတွေမြင့်တက်လာမှ အဖွဲ့အစည်းရဲ့ တန်ဖိုးတွေလည်း မြင့်တက်လာမှာပါ။ ဒီတော့ တစ်ဦးချင်းစီက ကိုယ်ပိုင်တန်ဖိုးတွေ မြှင့်တင်ကြဖို့ဆိုရင် လူတစ်ချင်းစီရဲ့တန်ဖိုးတွေနဲ့ ဆက်စပ်နေတဲ့အတွေးအခေါ်တွေကို ကန့်သတ်ဘောင်ထဲမထားမိဖို့ အရေးကြီးလှပါတယ်။ နွားခြေရာခွက်ထဲက ဖားသူငယ်လိုပဲ နွားခြေရာခွက်ထဲက ရေကို သမုဒ္ဒရာထင်မှတ်နေလို့ မရပါဘူး**

တစ်ဦးနဲ့တစ်ဦးအကြား၊ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခုအကြား မျှတတဲ့ဆက်ဆံရေးတစ်ရပ်ဖြစ်ဖို့ တစ်ဖက်သတ်မဆုံးဖြတ်ကြဘဲ အခြားသူတွေရဲ့ တန်ဖိုးတွေကို ထည့်သွင်းစဉ်းစားခြင်း၊ မတူညီမှုတွေကို လေးလေးစားစား လက်ခံစဉ်းစားတတ်ခြင်း၊ ရည်ရွယ်ချက်ကောင်းတွေကို လက်ခံခြင်း၊ ကိုယ်နဲ့သဘောထား မတိုက်ဆိုင်သူတွေကို မတိုက်ခိုက်ခြင်း၊ ကိုယ့်ကို ဆက်ဆံစေချင်သလို အခြားသူတွေကို ဆက်ဆံခြင်း၊ ကိုယ် ကျိုး အတ္တ ရှေ့တန်းမတင်ခြင်း၊ သဘောမတူညီမှုနဲ့ပတ်သက်လို့ အခြားသူများရဲ့ အခွင့်အရေးကို လေးစားခြင်းတွေဟာ မျှတတဲ့ လူ့အသိုက်အဝန်း တည်ဆောက်ရာမှာ ကိုယ်စီ ကိုယ်စီ လိုက်နာသင့်တဲ့ အပြုအမူဆိုင်ရာ ကိုယ်ပိုင်တန်ဖိုးတွေပဲ ဖြစ်ပါတယ်။ လူမှုတန်ဖိုးတွေဟာ လူမှုအဖွဲ့အစည်း တည်ဆောက်ရာမှာဖြစ်စေ၊ ဒီမိုကရက်တစ်ဝန်းကျင်တည်ဆောက်ရာမှာဖြစ်စေ လိုအပ်တဲ့ အခြေခံများပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေခံများရဲ့ အရေးကြီးတဲ့အချက်ကတော့ အကျိုးပြုတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်တည်လာဖို့ ရည်ရွယ်တာဖြစ်လို့ လူမှုတန်ဖိုးများနဲ့ စံနှုန်းများမရှိဘဲနဲ့တော့ မျှတသောလူမှုဆက်ဆံရေးရရှိဖို့ ခက်ခဲနိုင်သလို အကျိုးပြုတဲ့ လူမှုဝန်းကျင်တစ်ခု တည်ဆောက်ဖို့ဆိုတာလည်း မလွယ်ကူနိုင်ပါဘူး။

**မတူညီသောတန်ဖိုးများ**

လူတစ်ဦးချင်းစီရဲ့တန်ဖိုးတွေဟာ အခြားသူတွေအပေါ် တစ်ချိန်မဟုတ်တစ်ချိန် အကျိုးသက်ရောက်နေတာဟာ သံသယဖြစ်စရာမရှိပါဘူး။ အကျိုးသက်ရောက်မှုတွေမှာ ကောင်းကျိုးတွေလည်း ရှိနိုင်သလို ဆိုးကျိုးတွေလည်း ရှိနေနိုင်ပါတယ်။ ဒီကောင်းကျိုး၊ ဆိုးကျိုးတွေကို ကိုင်တွယ်ဖြေရှင်းကြဖို့ဆိုရင် ကိုယ့်ရဲ့ကိုယ်ပိုင်တန်ဖိုးတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေရဲ့တန်ဖိုးတွေ၊ အဖွဲ့အစည်းတွေရဲ့တန်ဖိုးတွေ အကြား မတူကွဲ ပြားမှုတွေနဲ့ တူညီမှုတွေ တည်ရှိနေတာကို ရှာဖွေကြဖို့ လိုအပ်ပါလိမ့်မယ်။

ကိုယ်ပိုင်တန်ဖိုးတွေ၊ ပရော်ဖက်ရှင်နယ်တန်ဖိုးတွေ၊ အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးတွေ၊ လူမှုဆိုင်ရာတန်ဖိုးတွေ၊ ထူးခြားတဲ့တန်ဖိုးတွေ စတဲ့ မတူညီတဲ့တန်ဖိုးတွေကြားမှာ အခြားသူတွေရဲ့ တန်ဖိုးတွေ၊ သဘောထားတွေ၊ ယုံကြည်ချက်တွေကို လေ့လာမယ်၊ နားလည်ပေးမယ်၊ ထည့်သွင်းစဉ်းစားနိုင်မယ်ဆိုရင် အဲဒီမတူညီမှုတွေအကြား ကောင်းကျိုးတွေကို ရေရှည်တည်တံ့စေပြီး ဆိုးကျိုးတွေကို ဖယ်ရှားနိုင်မှာပါ။ ဒ့ါအပြင် လူ့အဖွဲ့အစည်းအတွင်း ဖြစ်တည်နေတတ်တဲ့ ပဋိပက္ခတွေကို ရှောင်ရှားနိုင်ပြီး မျှတတဲ့ လူမှုဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်နိုင်ပါလိမ့်မယ်။ တစ်ပြိုင်နက်တည်းမှာပဲ လူတစ်ဦးချင်းစီရဲ့ တန်ဖိုးတွေ၊ အဖွဲ့အစည်းတန်ဖိုးတွေလည်း မြင့်တက်လာပါလိမ့်မယ်။

တကယ်တော့ လူတစ်ဦးနဲ့တစ်ဦးအပေါ် အပြန်အလှန်အကျိုးသက်ရောက်နေတဲ့ လူတစ်ဦးချင်းစီရဲ့ တန်ဖိုးတွေ၊ သဘောထားတွေ၊ ယုံကြည်မှုတွေ၊ အတွေ့အကြုံတွေဆိုတာက ကိုယ်ဘယ်လိုလူဖြစ်ကြောင်းကို ဖော်ပြနေပါတယ်။ အဲဒါတွေက ကိုယ်ဘယ်လို တွေးခေါ်တယ်၊ ဘာတွေလုပ်တယ်နဲ့ ဘယ်လိုလုပ်တယ်ဆိုတာတွေအပေါ် အကျိုးသက်ရောက်နေပါတယ်။ ဒ့ါအပြင် ဒီလိုထပ်တူမညီတတ်တဲ့ အခြားသူတွေရဲ့ တန်ဖိုးထားမှုတွေအပေါ် ဘယ်လိုရှုမြင်သလဲ၊ ဘယ်လိုဆက်ဆံသလဲ၊ ဘယ်လိုပြုမူသလဲဆိုတာကလည်း ကိုယ့်ရဲ့ တန်ဖိုးနဲ့ သဘောထားတွေပဲဖြစ်တယ်ဆိုတာ သတိချပ်ရမှာပါ။ အပြုသဘော ပြုမူဆက်ဆံတတ်သလား၊ အပျက်သဘော ပြုမူဆက်ဆံတတ်သလားအပေါ်မူတည်ပြီး ငြိမ်းချမ်းတဲ့ဝန်းကျင်၊ ပဋိပက္ခဝန်းကျင်၊ မျှတတဲ့ဝန်းကျင် ဖြစ်လာပါလိမ့်မယ်။

**ကိုယ်ပိုင်တန်ဖိုးများကို မြှင့်တင်**

လူသားတိုင်းဟာ ဘဝတစ်လျှောက် မြှင့်တင်နေကြရတဲ့ ကိုယ်ပိုင်တန်ဖိုးတွေ၊ ယုံကြည်ချက်တွေနဲ့ သဘောထားတွေ ရှိကြပါတယ်။ ဒီတန်ဖိုးတွေကပဲ ကိုယ့်ရဲ့နေထိုင်မှုတွေ၊ အပြုအမူတွေ၊ ဆုံးဖြတ်မှုတွေကို ဦးဆောင်နေပါတယ်။ ဒ့ါအပြင် ကိုယ်ပိုင်တန်ဖိုးတွေက ကိုယ်ကိုယ်တိုင်ကိုသာမက အခြားသူတွေအပေါ်ကိုလည်း အကျိုးသက်ရောက်နေတယ်ဆိုတာ သတိပြုရမှာပါ။ ဒီလို သက်ရောက်မှုကြီးမားတဲ့ တန်ဖိုးတွေကို ဘဝတစ်လျှောက် ပြုစုပျိုးထောင်နိုင်ပါတယ်။ လူတစ်ဦးဟာ သူ့ရဲ့ မိသားစု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ပညာရေးနဲ့ လူမှုဝန်းကျင်တို့ရဲ့ တန်ဖိုးတွေက လွှမ်းမိုးနေတတ်ပါတယ်။

**ကိုယ့်ရဲ့ကိုယ်ပိုင်တန်ဖိုးကို သိရှိခြင်းအားဖြင့် ကိုယ့်ရဲ့လုပ်ငန်းမှာဖြစ်စေ၊ လူမှုဆက်ဆံရေးမှာဖြစ်စေ၊ အဖွဲ့အစည်းမှာဖြစ်စေ၊ ပြဿနာတစ်ရပ်ဖြေရှင်းရာမှာဖြစ်စေ၊ အခြားသူများကို ကူညီထောက်ပံ့ရာမှာဖြစ်စေ ထိထိရောက်ရောက် စွမ်းဆောင်နိုင်ပါလိမ့်မယ်။ ကိုယ့်ရဲ့ကိုယ်ပိုင်တန်ဖိုးတွေဟာ ဘယ်အခြေအနေကပင်လာသည်ဖြစ်စေ အဲဒီတန်ဖိုးတွေက ကိုယ့်ဘဝနဲ့ ကိုယ့်ပတ်ဝန်းကျင်အပေါ် ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်နေမှာ ဖြစ်ပါတယ်။**

တစ်ယောက်နဲ့တစ်ယောက်အကြား မတူညီတတ်ကြတဲ့ တန်ဖိုးတွေရှိနေတတ်တဲ့ သဘာဝမှာ လူတစ်ဦးအနေနဲ့ အခြားသူတစ်ဦးရဲ့ ကိုယ်ပိုင်တန်ဖိုးတွေ၊ အခြားအဖွဲ့ အစည်းရဲ့တန်ဖိုးတွေကို လျစ်လျူရှုပြီး ကိုယ့်ရဲ့တန်ဖိုးတွေနဲ့ ချမှတ်ဖို့ သို့မဟုတ် ဆုံးဖြတ်ဖို့ကြိုးစားတတ်ကြပါတယ်။ အဲဒီလိုဆုံးဖြတ်ခြင်းဟာ သူတစ်ပါးအပေါ် မလေးစားတဲ့ သဘော၊ အတ္တရှေ့တန်းတင်တဲ့ သဘောသက်ရောက်တတ်လို့ လူမှုတရားမျှတမှုကို ထိခိုက်စေပါတယ်။ တကယ်လို့ အခြားသူတစ်ဦးရဲ့တန်ဖိုးတွေကို လေးစားတတ်၊ နားလည်တတ်၊ အလေးထားတတ်မယ်ဆိုရင် အချိန်ကြာလာတာနဲ့အမျှ လူမှုဆက်ဆံရေးမှာ ပိုမိုနီးကပ်လာပြီး အပြုသဘော တိုးတက်လာမှာဖြစ်ပါတယ်။

အဲဒီလိုမဟုတ်ဘဲ သူ့ဖက်ကိုယ့်ဖက် ကိုယ်ပိုင်တန်ဖိုးတွေကိုသာ ဆက်လက်ပြီး ရှေ့တန်းတင်နေကြမယ်ဆိုရင် ကြာလေဝေးလေဖြစ်ပြီး ပဋိပက္ခအသွင်ဆောင်တဲ့ ဝန်းကျင်ဖြစ်လာမှာပါ။ ကိုယ်စီကိုယ်စီက သူ့ရဲ့ကိုယ်ပိုင်တန်ဖိုး၊ ကိုယ့်ရဲ့ကိုယ်ပိုင်တန်ဖိုးတွေကို အပြန်အလှန် နားလည်ကြ၊ လေးစားကြမယ်ဆိုရင် တင်းမာမှုတွေ၊ မကျေလည်မှုတွေ၊ ပဋိပက္ခတွေကို လျှော့ချနိုင်ပါလိမ့်မယ်။ သူ့တန်ဖိုး၊ ကိုယ့်တန်ဖိုးတွေကို အပြန်အလှန်နားလည်ခြင်း၊ အပြန်အလှန်လေးစားခြင်းဆိုတာက ကိုယ်ပိုင်တန်ဖိုးတွေကို မြှင့်တင်ခြင်းလည်း ဖြစ်ပါတယ်။

**ကန့်သတ်ဘောင်ထဲကရုန်းထွက်ဖို့**

**လူမှုတန်ဖိုးတွေမှာ တစ်ဦးချင်းလိုက်နာကြရတာတွေရှိသလို အဖွဲ့အစည်း တန်ဖိုးအလိုက် လိုက်နာကျင့်ကြံကြရတာတွေ ရှိပါတယ်။ အခြေခံဖြစ်တဲ့ တစ်ဦးချင်း လိုက်နာကျင့်ကြံကြရတဲ့ ကိုယ်ပိုင်တန်ဖိုးတွေ တိုးတက်ရေးဟာ ပိုလို့အရေးပါပါတယ်။ တစ်ဦးချင်းရဲ့ တန်ဖိုးတွေမြင့်တက်လာမှ အဖွဲ့အစည်းရဲ့ တန်ဖိုးတွေလည်း မြင့်တက်လာမှာပါ။ ဒီတော့ တစ်ဦးချင်းစီက ကိုယ်ပိုင်တန်ဖိုးတွေ မြှင့်တင်ကြဖို့ဆိုရင် လူတစ်ချင်းစီရဲ့တန်ဖိုးတွေနဲ့ ဆက်စပ်နေတဲ့ အတွေးအခေါ်တွေကို ကန့်သတ်ဘောင်ထဲ မထားမိဖို့ အရေးကြီးလှပါတယ်။ နွားခြေရာခွက်ထဲက ဖားသူငယ်လိုပဲ နွားခြေရာခွက်ထဲက ရေကို သမုဒ္ဒရာထင်မှတ်နေလို့ မရပါဘူး။**

မိမိတို့ဟာ ဘယ်လိုအကြောင်းတရားကြောင့်ဖြစ်ဖြစ် လူက နွားခြေရာခွက်ထဲ ရောက်နေရင်တောင် အတွေးအခေါ်က နွားခြေရာခွက်ထဲ မရောက်ဖို့လိုပါတယ်။ ဆိုလိုတာက ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ အတွေးအခေါ်တွေ ဘောင်ခတ်မထားမိဖို့ပါ။

*စာမျက်နှာ ၁၅ သို့*

# တာမွေမြို့နယ်၌ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

ဆူပူအကြမ်းဖက်မှုကိုလိုလားသူ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်း၊ လုံခြုံရေးဆောင် ရွက်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို လုပ်ကြံသတ်ဖြတ်ခြင်းများကို လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်ရန် ထွက်ခွာလာသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို ရောဝတီဘဏ်အနီးသို့ အရောက်၌ အကြမ်းဖက်သူများက Toyota Wish အမျိုးအစား(လိုင်စင်မဲ့) အဖြူရောင်ယာဉ်ပေါ်မှ သေနတ်ဖြင့် ပစ်ခတ်၍ ထွက်ပြေး သွားခဲ့ကြောင်းနှင့် ၎င်းမော်တော်ယာဉ်ကို သွားရောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်အနီး လမ်းပေါ်မှ ပစ္စတိုသေနတ်တစ်လက်၊ ၉ မမ ကျည်ခွံ ကိုးခုနှင့် မော်တော်ယာဉ်ခေါင်းခန်းအတွင်းမှ ၉ မမ ကျည်တောင့် ၂၀၊ ယာဉ်မောင်းလိုင်စင် တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြစ်မှုကျူးလွန်သူ တရားခံများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်၌ တရားခံ ခန့်စည်သူ (၂၂) နှစ်၊ ခန့်စည်သူ၏ ဖခင်ဖြစ်သူ ဦးမောင်မောင်လွင်(၅၅) နှစ်နှင့် စောထူးအောင်မြင့်(ခ)Y2K တို့ သုံးဦးကို ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာအနီးရှိ ငါးကန်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ခန့်စည်သူ၏ ထွက်ဆိုချက်အရ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ဆက်စပ်တရားခံ စစ်သွေးအောင်(၂၁)နှစ်ကို စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်းရှိနေအိမ်၌ လက်လုပ်အသံဗုံးရှစ်လုံး၊ လက်လုပ်ဗုံး လေးလုံး၊ ယမ်းပျော့ ၁၁ တောင့်၊ ယမ်းမှုန့်တစ်ထုပ်၊ စနက်တံကြိုး ၁၈ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံအိမ်ရာဝင်း၌ ဆက်စပ်တရားခံ ကောင်းပြည့်ဝင်း(၃၃)နှစ်ကိုလည်း Honda Insight အဖြူရောင်ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ကိုခွန်းဆိုသူမှ ခန့်စည်သူ၊ စစ်သွေးအောင်၊ ကောင်းပြည့်ဝင်းနှင့် စောထူးအောင်မြင့်(ခ)Y2K တို့ကို ခင်ကျော် (UNRA)ထံတွင် လက်နက်နှင့် ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သဖြင့် မေ ၂၀ ရက်မှ ၂၇ ရက်အထိ သင်တန်းတက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် ကိုခွန်း ဖွဲ့စည်းထားရှိသော Union Of Myanmar Civil Defence(UMCD) အဖွဲ့တွင်ပါဝင်ခဲ့ပြီး လက်လုပ်မိုင်းများနှင့် ချိန်ကိုက်ဗုံးများ ပြုလုပ်၍ ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြောကြားထားခဲ့ကြောင်း သိရသည်။

တရားခံ ခန့်စည်သူအနေဖြင့် ဇွန် ၂၆ ရက်တွင် တာမွေမြို့နယ်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လက်လုပ်မိုင်းဖြင့် သွားရောက်ဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုမရှိခဲ့ကြောင်းနှင့် ဇွန် ၂၉ ရက်တွင် တရားခံ

**တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၌ လုံခြုံရေးအဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား**




ခန့်စည်သူသည် စစ်သွေးအောင်၊ စောတရုတ်တို့နှင့်အတူ Toyota Wish အမျိုးအစား(လိုင်စင်မဲ့) အဖြူရောင်ယာဉ်ဖြင့် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး တရားခံ ခန့်စည်သူက လုံခြုံရေးရဲတပ်ဖွဲ့ဝင်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံငါးဦးကို ပစ္စတိုသေနတ်တစ်လက်၊ ၉ မမ ကျည် ၂၄ တောင့်၊ လက်လုပ်အသံဗုံး ရှစ်လုံး၊ လက်လုပ်ဗုံး လေးလုံး၊ ယမ်းပျော့ ၁၁ တောင့်၊ ယမ်းမှုန့်တစ်ထုပ်၊ စနက်တံကြိုး ၁၈ ချောင်းတို့နှင့်အတူ ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် တရားခံကို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေလိုသူ အကြမ်းဖက်အဖွဲ့များအနေဖြင့် လူငယ်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာ ထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦးကို အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးက ပစ္စတိုဖြင့် ပစ်ခတ်ခဲ့သဖြင့် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးအဖွဲ့မှ လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့ရာ ပြည်သူတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ တရားခံအောင်မျိုးမင်းအား ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်ရှစ်တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ သန့်ဇင်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

တရားခံ အောင်မျိုးမင်း၏ ထွက်ဆိုချက်အရ လုံခြုံရေးအဖွဲ့ဖြင့် သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၈)လမ်းရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ကျော်ထက်အောင်(၁၉)နှစ်၊ အောင်ကျော်မျိုး(၂၉)နှစ်၊ ဇော်မိုးအောင်(၅၂)နှစ်၊ စန်းစန်းမော် (၅၂)နှစ်၊ သန်းသန်းထွေး(၅၀)နှစ်တို့ကို လက်လုပ်ဂက်စ်သေနတ် သုံးလက်၊ သစ်သားဒူးလေးနှစ်လက်၊ အခြားခုခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များအတွင်း ဆူပူအကြမ်းဖက်မှု၊ အဖျက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဒလန်/ သတင်း ပေးဆိုသူများကို လုပ်ကြံသတ်ဖြတ်ရန်အတွက် သောကြာဦးဆောင်သော အဖွဲ့အား NUG အဖွဲ့မှ လက်နက်များ ထောက်ပံ့ပေးထားကြောင်း သိရှိရပြီး သောကြာဆိုသူက ဒလန်/ သတင်း ပေးဆိုသူများကို လုပ်ကြံ သတ်ဖြတ်နိုင်ပါက ငွေကျပ်နှစ်သိန်း ပေးမည်ဟု ပြောဆိုခဲ့သောကြောင့် ဖမ်းဆီးရမိတရားခံအောင်မျိုးမင်းမှာ ငွေကြေးရယူလိုမှုအတွက် သောကြာထံမှ လက်နက်ရယူကာ ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ လုပ်ကြံသတ်ဖြတ်ရန်အတွက် ဖမ်းဆီးရမိတရားခံ အောင်မျိုးမင်းသည် ဖွဲ့ညီ၊ သန့်ဇင်နှင့်အတူ ကားတစ်စီးဖြင့် လည်းကောင်း၊ Roman နှင့် ဆက်ပိုင်တို့သည် အခြားကားတစ်စီးဖြင့် လည်းကောင်း၊ အာကာလေးသည် ဆိုင်ကယ်ဖြင့် လည်းကောင်း လာရောက်ခဲ့ခြင်းဖြစ်ပြီး စံပယ်လမ်းထိပ်နှင့် ၈၄ ကားဂိတ်ထိပ်တွင် ကားနှစ်စီးမှ အသင့် စောင့်ဆိုင်းနေခဲ့ပြီး ဖမ်းဆီးရမိတရားခံ အောင်မျိုးမင်းနှင့် သန့်ဇင်မှာ ဆိုင်ကယ်ဖြင့် လာရောက် လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ရာ တွင် ပါဝင်သူများဖြစ်သော သန့်ဇင်၊ Roman၊ ဆက်ပိုင်၊ ဖွဲ့ညီနှင့် အာကာလေးတို့မှာ ထွက်ပြေးလွတ်မြောက်ဆဲ ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံကို ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ကို ဥပဒေအရ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ဆက်စပ်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ် ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထား ကြောင်းသိရသည်။

**သတင်းစဉ်**



# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၁၃၂ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅၁ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၆၂၁ ဦး ရှိ

**(၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၉၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၁၃၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၈၂၅,၈၂၂)ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၈၀,၀၅၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၅၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၂,၃၀၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၆၂၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၄၆၉) ခု | (၃၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၀) ခု | (၂၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၇၃) ခု | (၂၄၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၀၂) ခု | (၁၂၄) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၃၉) ခု | (၅) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၇) ခု | (၁၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၅) ခု | (၁၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၂၄) ခု | (၈၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၉၃၈) ခု | (၂,၄၅၀) ဦး |
| စုစုပေါင်း | (၁၄,၉၂၇) ခု | (၄,၁၃၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၈**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၈၂၀၃ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၈၉၁ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၄၃၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၆၀၃ ဦး စုစုပေါင်း ၁၉၀၄၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၃၀၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၉၅၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၂၅၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ၈ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၆၄၇၈၆၃ | ၂၉၁၆၈၄၀၆ | ၆၂၁၉၂၆ |
| ၂။ | အိန္ဒိယ | ၃၀၇၃၁၈၃၃ | ၂၉၈၅၅၃၉၀ | ၄၀၅၃၂၁ |
| ၃။ | ဘရာဇီး | ၁၈၉၀၉၀၃၇ | ၁၇၃၅၂၆၇၀ | ၅၂၈၆၁၁ |
| ၄။ | ပြင်သစ် | ၅၇၉၄၆၆၅ | ၅၆၃၈၄၃၂ | ၁၁၁၂၅၉ |
| ၅။ | ရုရှား | ၅၇၀၇၄၅၂ | ၅၁၄၃၂၅၅ | ၁၄၀၇၇၅ |
| ၆။ | တူရကီ | ၅၄၅၉၉၂၃ | ၅၃၂၈၇၄၇ | ၅၀၀၄၈ |
| ၇။ | ဗြိတိန် | ၅၀၂၂၈၉၃ | ၄၃၄၈၈၆၄ | ၁၂၈၃၃၆ |
| ၈။ | အာဂျင်တီးနား | ၄၅၉၃၇၆၃ | ၄၂၀၆၄၇၈ | ၉၇၄၃၉ |
| ၉။ | ကိုလံဘီယာ | ၄၄၂၆၈၁၁ | ၄၁၄၂၃၈၄ | ၁၁၀၅၇၈ |
| ၁၀။ | အီတလီ | ၄၂၆၇၁၀၅ | ၄၀၉၇၉၀၅ | ၁၂၇၇၃၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

**၈ – ၇ – ၂၀၂၁**

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၄၁၇၇၈၈ | ၁၉၉၄၅၇၃ | ၆၃၇၆၀ |
| ဖိလစ်ပိုင် | ၁၄၅၅၅၈၅ | ၁၃၈၀၈၉၉ | ၂၅၆၅၀ |
| မလေးရှား | ၈၀၈၆၅၈ | ၇၂၅၄၈၀ | ၅၉၀၃ |
| ထိုင်း | ၃၀၈၂၃၀ | ၂၃၆၁၄၉ | ၂၄၆၂ |
| မြန်မာ | ၁၈၀၀၅၅ | ၁၄၂၃၀၉ | ၃၆၂၁ |
| စင်ကာပူ | ၆၂၆၆၈ | ၆၂၃၆၃ | ၃၆ |
| ကမ္ဘောဒီးယား | ၅၈၀၅၇ | ၅၀၀၂၀ | ၈၂၅ |
| ဗီယက်နမ် | ၂၃၃၈၅ | ၈၅၅၇ | ၁၀၂ |
| လာအို | ၂၄၆၉ | ၂၁၀၄ | ၃ |
| ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

# ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် အမေရိကန်ပြည်ထောင်စုတွင် လွှမ်းမိုးကူးစက်လျက်ရှိ

ဝါရှင်တန် ဇူလိုင် ၈

**ကူးစက်မြန်ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် အယ်လ်ဖာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ကျော်လွန်ပြီး အမေရိကန်ပြည်ထောင်စုတွင် လွှမ်းမိုးကူးစက်လျက်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ခန့်မှန်းချက်သစ်အရ သိရသည်။**



အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံသို့ ပြည်သူများ ဇူလိုင် ၇ ရက်က လာရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ယခုအခါတွင် နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ဇူလိုင် ၃ ရက်အထိ သီတင်းပတ်နှစ်ပတ်ကျော်ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ ၅၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့်ဖြစ်သည်။

ဗြိတိန်တွင် ပထမဆုံးတွေ့ရှိခဲ့သည့် အယ်လ်ဖာအသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၂၈ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုဆောင်းရာသီတွင် အသွင်ပြောင်းကိုဗစ်-၁၉ ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပြန်လည်တိုးလာပြီး ကာကွယ်ဆေးမထိုးထားသူများအနေဖြင့် ကိုဗစ်-၁၉ ပိုမိုကူးစက်ဖြစ်ပွားလာမည့်အပေါ် စိုးရိမ်လျက်ရှိသည်။

မကြာသေးမီက ကျန်းမာရေးအရာရှိများနှင့် ကျွမ်းကျင်သူများက ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အမေရိကန်ပြည်ထောင်စုတွင် လွှမ်းမိုးဖြစ်ပေါ်လာမည့် အခြေအနေကို သတိပေးထားကြောင်း သိရသည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၅၉၀၃ ဦးအထိရှိလာ

ကွာလာလမ်ပူ ဇူလိုင် ၈

မလေးရှားနိုင်ငံ၌ ဇူလိုင် ၈ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၅ ဦး ရှိလာခဲ့ပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၉၀၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်မှစကာ ဇူလိုင် ၈ ရက်သည် ဒုတိယကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ပြီး စုစုပေါင်းကူးစက်ဖြစ်ပွားသူ ၈၈၆၈ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ယခုအခါတွင် ၈၀၈၆၅၈ ဦးအထိ ရှိလာခဲ့သည်။

ကွာလာလမ်ပူမြို့နှင့် ထိစပ်လျက်ရှိသော ဆီလန်ဂေါ်ပြည်နယ်တွင် တင်းကျပ်သောလှုပ်ရှားဆောင်ရွက်မှုများ ချမှတ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ပြောသည်။

ကျန်းမာရေးဝန်ကြီး အဒမ်ဘာဘာက ဆိုးရွားလှသော ကျန်းမာရေးစနစ်နှင့် ကြုံတွေ့နေသော ကွာလာလမ်ပူနှင့် အနီးဝန်းကျင်ဒေသများအတွက် ထပ်မံရရှိသော အရင်းအမြစ်များကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်တောင်ပိုင်းတွင် ရေကြီးမြေပြိုမှုများဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး အိမ်ခြေ ၁၀၀၀ ကျော် ရေနစ်မြုပ်

ဂျကာတာ ဇူလိုင် ၈

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်တောင်ပိုင်းရှိ ခရိုင်သုံးခုတို့တွင် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး အိမ်ခြေပေါင်း ၁၀၀၀ ကျော် နစ်မြုပ်ခဲ့ကြောင်း အမျိုးသား သဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီက ဇူလိုင် ၈ ရက်က ပြောကြားလိုက်သည်။

သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သော ခရိုင်သုံးခုမှာ ဂျီနီပွန်တူ၊ ဘန်တန်း၊ ဆင်ဂျိုင်တို့ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက ပြောကြားခဲ့သည်။

ဇူလိုင် ၇ ရက် အစောပိုင်းကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဂျီနီပွန်တူတွင် မိုးရေချိန် ၅၀ စင်တီမီတာမှ ၂၀၀ စင်တီမီတာကြား အရောက်တွင် လူနေအိမ်ခြေများ ရေနစ်မြုပ်ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သည်။ အစိုးရအဆောက်အအုံများ၊ ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်ရေးရုံးဌာနများနှင့် အိမ်ခြေ ၁၄၈ လုံး ရေလွှမ်းမိုးခဲ့ပြီး အိမ်ခြေ ၂၆ လုံးမှာ အကြီးအကျယ် ပျက်စီးခဲ့သည်။

ရေကြီးရေလျှံမှုများ တဖြည်းဖြည်းမြင့်တက်လျက်ရှိစဉ် သက်ဆိုင်ရာအရာရှိများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေပေးပြီး သဘာဝဘေးဒုက္ခ ရောက်နေသူများကို စာရင်းကောက်ယူလျက်ရှိကြောင်း အမျိုးသား သဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ မူဟာရီက ပြောသည်။



ဆူလာဝေစီတွင် ရေကြီးနစ်မြုပ်နေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။

ဆင်ဂျိုင် ဒေသတွင်လည်း ဇူလိုင် ၈ ရက် နံနက်ပိုင်းကတည်းက ရွာသွန်းလိုက်သော မိုးကြောင့် ကျေးရွာငါးခုတွင် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ပြီး မိသားစုရှစ်စုမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျေးရွာပေါင်းရှစ်ရွာရှိ အိမ်ခြေပေါင်း ၁၀၀၀ ခန့် ရေလွှမ်းမိုးနစ်မြုပ်ခဲ့သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများသည် ဘန်တန်းဒေသတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်လျက်ရှိသည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၅ ဦး ရှိလာမှုနှင့်အတူ တင်းကျပ်သော ကန့်သတ်ချက်များ ချမှတ်

**ဘန်ကောက် ဇူလိုင် ၈**

ထိုင်းနိုင်ငံ၌ ဇူလိုင် ၈ ရက်က ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၅ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၄၆၂ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန် တင်းကျပ်သော ကန့်သတ်ချက်များ ချမှတ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇူလိုင် ၈ ရက်က ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ဖြစ်သည့် ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၀၅၈ ဦး ရှိကြောင်း ဖော်ပြခဲ့ပြီး နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးအဖြစ် ဖော်ပြခဲ့သည်။



ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးနေသည်ကို တွေ့ရစဉ်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ယခုအခါတွင် ၃၀၈၂၃၀ အထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ အဆိုးဆုံးအခြေအနေကို ထိန်းချုပ်ရန် တင်းကျပ်သည့် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အတည်ပြုခဲ့သည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ကီယာတီဖန်ဝန်ဂရာချစ်က မြို့တော်ဘန်ကောက်မှ အနီးဝန်းကျင်ပြည်နယ်ငါးခုသို့ ဟိုဟိုဒီဒီ ကူးချည်သန်းချည် ခရီးသွားလာမှုများကို ၁၄ ရက်ကြာ ကန့်သတ်ကြောင်းအပါအဝင် ကန့်သတ်ချက်အသစ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း သီးသန့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ကူးစက်မြန်ပြင်းထန်ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀ အထိ ရောက်ရှိလာမည်ဟု ကြိုတင်ခန့်မှန်းထားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် မြို့တော်ဘန်ကောက်တွင် ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ် လွှမ်းမိုးဖြစ်ပွားလျက်ရှိပြီး ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၂ ရာခိုင်နှုန်းမှာ ဒယ်လ်တာကိုဗစ်-၁၉ ကြောင့်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမိုရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးခြင်းများကိုလည်း အရှိန်မြင့်တင်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

# ကပ်ရောဂါကြားမှ လျှပ်စစ်မီးပြတ်တောက်မှုနှင့်ပါ ရင်ဆိုင်နေရသည့် အီရန်နိုင်ငံ

**ကေကေစိုး**

အီရန်နိုင်ငံသည် ပူပြင်းလှသည့် ရာသီအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်မှုတို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို အခက်အခဲများဖြစ်စေခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။



**တောင်းပန်စကားဆို**

လျှပ်စစ်မီးပြတ်တောက်မှုနှင့် ဆက်စပ်၍ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကိုယ်တိုင် ဇူလိုင် ၇ ရက်တွင် တောင်းပန်စကားဆိုခဲ့သည်။ မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးကို ရပ်တန့်ထားရသည်အထိ ဖြစ်နေသည်ဟုလည်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ တီဟီရန်နှင့် အီရန်နိုင်ငံရှိ မြို့ကြီးများတွင် လျှပ်စစ်မီး မကြာခဏပြတ်တောက်မှုနှင့် ကြုံတွေ့ရသည်။ ယင်းကဲ့သို့ ဓာတ်အားပြတ်တောက်မှုများမှာ ဇူလိုင်လကုန်ပိုင်းလောက်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟုလည်း အာဏာပိုင်များက ပြောသည်။

**တာဝန်ရှိ**

တောင်ပိုင်းမှ ရှီရက်ဇ်နှင့် ခါဇီရွန်းနှင့် မြောက်ပိုင်းမှ အမိုးလ်နှင့် ကော့ဒ်ကိုင်း မြို့တို့အပါအဝင် မြို့ကြီးများတွင် ဓာတ်အားပြတ်တောက်မှုကို စိတ်ပျက်နေကြသည့်လူများက ဆန္ဒပြခဲ့ကြောင်း အတိအကျ အတည်မပြုနိုင်သည့် ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ရက်မီဒီယာပေါ်တွင် ထွက်ပေါ်လာသည်။ မြို့တော် တီဟီရန်တွင် နေထိုင်သူ အဇမ်က အစိုးရအနေဖြင့် လျှပ်စစ်မီး ကဲ့သို့သော အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်ဟု ပြောကြားခဲ့သည်။

**ထိခိုက်စေ**

အာဏာပိုင်များကမူ ပြည်သူများ စိတ်ရှည်သည်းခံကြရန်သာ တောင်းဆိုထားသည်။ စီးပွားရေးလုပ်ငန်းအားလုံးမှာ လျှပ်စစ်မီးနှင့် လုပ်ကိုင်ကြရပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဘဝနေထိုင်မှုကို ထိခိုက်စေသည်ဟု ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ဟာမစ်က ပြောသည်။ စွမ်းအင်ဝန်ကြီးဌာနသည် ဓာတ်အားပြတ်တောက်မည့် အချိန်စာရင်းကို ဖော်ပြလေ့ရှိသော်လည်း မကြာသေးမီရက်များအတွင်း မြို့သူမြို့သား အများအပြားနှင့် စီးပွားရေးလုပ်ငန်းအများအပြားမှာ လျှပ်စစ်မီးပြတ်တောက်မှု မမျှော်လင့်ဘဲ ကြုံတွေ့နေကြရသည်။

**မကျေနပ်မှုများပြား**

ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ပြည်သူများကြုံတွေ့ရသည့် အခက်အခဲအတွက် ဝမ်းနည်းရကြောင်း အီရန်သမ္မတက ပြောကြားခဲ့သည်။ လျှပ်စစ်မီးပြတ်တောက်မှုနှင့် စပ်လျဉ်းပြီး ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးအပြီးတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဓာတ်အားပြတ်တောက်မှုများကြောင့် ပြည်သူများကြားတွင် အပြစ်တင်မှုများနှင့် မကျေနပ်မှုများ များပြားနေသည်။

**မိုးခေါင်မှုနှင့်ကြုံတွေ့နေရ**

အခြားတစ်ဖက်မှကြည့်လျှင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများ၏ အခြေအနေကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ လျော့ကျရသည်ဟု အီရန်သမ္မတက ပြောသည်။ ဇူလိုင် ၆ ရက်ကလည်း အီရန်နိုင်ငံသည် မျှော်လင့်မထားသည့်မိုးခေါင်မှုနှင့် ကြုံတွေ့နေရပြီး ပြီးခဲ့သည့်နှစ်နှင့်ယှဉ်လျှင် မိုးရေချိန် ပျမ်းမျှ ၅၂ ရာခိုင်နှုန်းရှိကြောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် သုညအနေအထားသို့ ကျရောက်နေသည်ဟု ၎င်းက ပြောသည်။

**အမေရိကန်အပေါ်အပြစ်တင်**

သတ်မှတ်ထားသည့် အချိန်စာရင်းအတိုင်းသာ လျှပ်စစ်မီး ဖြတ်တောက်နိုင်ရေးအတွက်လည်း စွမ်းအင်ဝန်ကြီးကို သမ္မတက တောင်းဆိုထားသည်။ အီရန်သမ္မတသည် ယခုလိုဖြစ်ရခြင်းအပေါ် အမေရိကန်အပေါ်တွင်လည်း အပြစ်တင်ထားသည်။ အမေရိကန်က အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်ထားသည့်အတွက် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်နိုင်သည့်အတွက် ယခုလိုဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားခဲ့သည်။ ရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများမရှိသဖြင့် စီမံကိန်းကြီးများလည်း မပြုလုပ်နိုင်ဟု အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုကိုထိခိုက်စေ**

တိုင်းပြည်အကျပ်အတည်းများကြား ကျရောက်နေချိန်တွင် မည်သူက ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသနည်းဟု ၎င်းကဆက်ပြောသည်။ ပိတ်ဆို့ကန့်သတ်မှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးသည် အကျပ်အတည်းကြား အဆိုးရွားဆုံးကျရောက်ရသည်ဟု ပါရီမြို့ရှိ အပြည်ပြည်ဆိုင်ရာနှင့် မဟာဗျူဟာမြောက် ဆက်သွယ်ရေးအင်စတီကျုမှ သီရီရယ်ရီ ကိုဗေးလ်က ပြီးခဲ့သည့်လအတွင်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ ပိတ်ဆို့ခံရမှုအကျပ်အတည်းကြောင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေခဲ့သည်။

**ဝန်ထုပ်ဝန်ပိုးနှင့်ကြုံရ**

အစိုးရအဖွဲ့အစည်းအဝေးပြီးနောက် စွမ်းအင်ဝန်ကြီးက အီရန်ပြည်သူများကို အနူးအညွတ်တောင်းပန်ကြောင်း ပြောကြားခဲ့သည်။ ဩဂုတ်လနှောင်းပိုင်း မတိုင်မီအချိန်အထိ တစ်ပတ်လျှင် တစ်ရက် အပိုပိတ်ရမည်ဖြစ်ပြီး စွမ်းအင်ကိုချွေတာရန်အတွက်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မြို့တော်တွင် မီးပွိုင့်များ အလုပ်မဖြစ်တော့ဘဲ ဝန်ထုပ်ဝန်ပိုးနှင့် ကြုံတွေ့ရသည်ဟု တီဟီရန်ရဲဌာနအကြီးအကဲက ပြောသည်။

**ရှုန်းကန်နေရ**

လက်ရှိနိုင်ငံအတွင်း ကိုဗစ် - ၁၉ ကပ်ရောဂါ အခြေအနေနှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ မီးပြတ်တောက်မှုသည် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည်ဟု တီဟီရန်ရှိကိုဗစ် -၁၉ တိုက်ဖျက်ရေးအကြီးအကဲဖြစ်သူက သတိပေးပြောကြားခဲ့သည်။ မြို့တော်အတွင်း ကိုဗစ်- ၁၉ ကူးစက်မှုကို ကြံ့ကြံ့ခံရင်ဆိုင်ရန် ပြင်ဆင်နေချိန် ကျန်းမာရေးစင်တာများတွင် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် ကူးစက်မှုကို တိုက်ဖျက်ရာတွင် ရုန်းကန်နေရသည်ဟု ပြောသည်။

**အဆိုးဆုံးဒဏ်ခံရသည့်နိုင်ငံ**

အီရန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရ၍ သေဆုံးသူ စုစုပေါင်း ၈၅၀၀၀ ရှိပြီဖြစ်ပြီး ကူးစက်ခံရသူ စုစုပေါင်းမှာမူ ၃ ဒသမ ၃ သန်းကျော်ရှိလာပြီဖြစ်သည်။ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်း ကိုဗစ် -၁၉ ကို အဆိုးရွားဆုံးဒဏ်ခံနေရသည့် နိုင်ငံလည်း ဖြစ်သည်။ အီရန်၏ နွေရာသီကာလတွင် လျှပ်စစ်မီးပြတ်တောက်မှုမှာ မကြုံဖူးသည့် ဖြစ်ရပ်မျိုးတော့ မဟုတ်ပေ။ သို့သော်လည်း ယခုနှစ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမှာ ၁၁ နှစ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်ရပ်ဟု အီရန်သမ္မတက ပြောကြားခဲ့သည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်း ကိုဗစ် -၁၉ ကို အဆိုးရွားဆုံးဒဏ်ခံနေရသည့် နိုင်ငံလည်း ဖြစ်သည်။ အီရန်၏ နွေရာသီကာလတွင် လျှပ်စစ်မီးပြတ်တောက်မှုမှာ မကြုံဖူးသည့် ဖြစ်ရပ်မျိုးတော့ မဟုတ်ပေ။ သို့သော်လည်း ယခုနှစ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမှာ ၁၁ နှစ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်ရပ်ဟု အီရန်သမ္မတက ပြောကြား**

* ကျော်ဖုံးမှ

၃။ ထိုသို့ စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ၊ နိုင်ငံသား စိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်နေသူများကို ခွဲခြား၍ မြို့နယ်အလိုက် စစ်ဆေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အပြန်အလှန်စစ်ဆေးခြင်း (Cross Check)၊ တစ်နိုင်ငံလုံး အပြန်အလှန် စစ်ဆေးခြင်း (Cross Check) များအရ မဲစာရင်းထပ်နေသူများ၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူများနှင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင်ပါဝင်နေသူ စာရင်းများအရ မဲမသမာမှုဖြစ်ပွားခဲ့သော မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦးဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအလိုက် စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

**မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | UEC မဲစာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | နိုင်ကတ် မရှိ | (၃) ကြိမ် အထက် | (၂) ကြိမ် | တိုင်း/ ပြည်နယ် Cross Check | ၁၀၀ နှစ် အထက် | ၁၈ နှစ် အောက် | |
| ၁ | ကချင် | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ |
| ၂ | ကယား | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၃၈ | ၄၄ | ၂၉၃၅၆ |
| ၃ | ကရင် | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ |
| ၄ | ချင်း | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၃၁၄ |
| ၅ | စစ်ကိုင်း | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ |
| ၆ | တနင်္သာရီ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ |
| ၇ | ပဲခူး | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ |
| ၈ | မကွေး | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ |
| ၉ | မန္တလေး | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ |
| ၁၀ | မွန် | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၁၄၇၂ |
| ၁၁ | ရခိုင် | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ |
| ၁၂ | ရန်ကုန် | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ |
| ၁၃ | ရှမ်း | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၂၃ |
| ၁၄ | ဧရာဝတီ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ |
| | **ပေါင်း** | **၄၈၆၉၄၂၇** | **၂၉၅၄၀၅** | **၃၅၉၆၂၀၆** | **၁၀၉၁၇၇၆** | **၂၀၅၆၆** | **၁၄၄၁၂** | **၉၈၈၇၇၉၂** |
| | **တစ်နိုင်ငံလုံး Cross Check** | | | | **၁၄၁၇၅၉၈** | | | **၁၄၁၇၅၉၈** |
| | **စုစုပေါင်း** | **၄၈၆၉၄၂၇** | **၂၉၅၄၀၅** | **၃၅၉၆၂၀၆** | **၂၅၀၉၃၇၄** | **၂၀၅၆၆** | **၁၄၄၁၂** | **၁၁၃၀၅၃၉၀** |

၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၈၂၇၁၄၄၇ ဖြစ်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပြီး အဆိုပါ မဲဆန္ဒရှင်စာရင်းများကို စိစစ်ခဲ့ရာ မဲမသမာမှုဖြစ်ပွားသည့်အရေအတွက် ၁၁၃၀၅၃၉၀ (၂၉.၅၄ ရာခိုင်နှုန်း) ဖြစ်သည်ကို အောက်ပါအတိုင်းတွေ့ရှိကြောင်း ထုတ်ပြန်အပ်ပါသည် –

(က) နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ — ၄၈၆၉၄၂၇ ဦး

(ခ) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ — ၂၉၅၄၀၅ ဦး

(ဂ) နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူ — ၃၅၉၆၂၀၆ ဦး

(ဃ) တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ မြို့နယ်အလိုက် အပြန်အလှန် စစ်ဆေးခြင်း (Cross Check) — ၁၀၉၁၇၇၆ ဦး

(င) အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင်ပါဝင်နေသူ — ၂၀၅၆၆ ဦး

(စ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ — ၁၄၄၁၂ ဦး

(ဆ) တစ်နိုင်ငံလုံး တိုင်းဒေသကြီး/ ပြည်နယ်အချင်းချင်း အပြန်အလှန် စစ်ဆေးခြင်း (Cross Check) — ၁၄၁၇၅၉၈ ဦး

(ဇ) မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲဆန္ဒရှင်အရေအတွက်စုစုပေါင်း — **၁၁၃၀၅၃၉၀ ဦး**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*စာမျက်နှာ ၁၀ မှ*

ဒီလို မဟုတ်ဘဲ လူရော၊ အတွေးအခေါ်ရော နွားခြေရာခွက်ထဲရောက်နေရင်တော့ အဲဒီ နွားခြေရာခွက်မှာပဲ ဘဝနစ်မွန်းသွားနိုင်ပါတယ်။ အကယ်၍ လူက နွားခြေရာခွက်ထဲ ရောက်နေပြီး အတွေးအခေါ်က အဲဒီနွားခြေရာခွက်အပြင်ကို ရောက်နေရင် လူကို အတွေးအခေါ်က နွားခြေရာခွက်ရဲ့အပြင်ကို ဆွဲထုတ်နိုင်မှာပါ။

အဲဒါရဲ့ ဆန့်ကျင်ဘက်ကတော့ လူက နွားခြေရာခွက်ထဲ ရောက်မနေပေမယ့် ကိုယ့်ရဲ့ အတွေးအခေါ်တွေက နွားခြေရာခွက်ထဲမှာရှိနေရင် အဲဒီအတွေးအခေါ်တွေက လူကို နွားခြေရာခွက်ထဲ ဆွဲခေါ်သွားပါလိမ့်မယ်။ ဒါဟာ ဘောင်ကျဉ်းကျဉ်းလေးထဲမှာ အတွေးအခေါ်တွေ ကန့်သတ်ထားခြင်း၊ မထားခြင်းနဲ့ ဆိုင်ပါတယ်။ အတွေးအခေါ်တွေ လွတ်လပ်ပွင့်လင်းလာတာနဲ့အမျှ ကိုယ်ရဲ့ တန်ဖိုးထားမှုတွေလည်း မြင့်တက်လာပါလိမ့်မယ်။

**ကိုယ်စီအခွင့်အရေးနဲ့မျှတတဲ့ ဝန်းကျင်ဆီ**

လူတိုင်းမှာ ကိုယ်ပိုင်တန်ဖိုးတွေ၊ သဘောထားတွေနဲ့ ယုံကြည်ချက်တွေကို လက်ခံယုံကြည်ပိုင်ခွင့် ရှိကြပါတယ်။ ဒီလိုပဲ အခြားသူတွေမှာ ကိုယ်နဲ့မတူတဲ့ သဘောထားတွေ၊ တန်ဖိုးတွေနဲ့ ယုံကြည်မှုတွေ လက်ခံခွင့်ရှိနေတာကို နားလည်နိုင်ဖို့နဲ့ လေးစားနိုင်ဖို့က များစွာအရေးကြီးပါတယ်။ အခြားသူတွေဟာ ကိုယ်နဲ့မတူညီတာကြောင့် သူတို့ရဲ့တန်ဖိုးတွေ၊ ယုံကြည်ချက်တွေ၊ သဘောထားတွေကို ပြောင်းလဲလာလိမ့်မယ်လို့ မမျှော်လင့်နိုင်ပါဘူး။ အဲဒီတော့ ဒီမတူညီမှု တန်ဖိုးတွေအကြားမှာ မျှတတဲ့အဖြေ ရှာဖွေတတ်ခြင်းဟာ ကိုယ့်ရဲ့အရည်အသွေးပဲ ဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ မိမိရဲ့ ကိုယ်ပိုင်တန်ဖိုးတွေနဲ့ အခြားသူတွေအပေါ် ချမှတ်ဖို့ ကြိုးစားမယ်ဆိုရင် တစ်ဖက်သားရဲ့ တန်ဖိုးနဲ့ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးစေတတ်တာမို့ သူတို့ကလည်း ကိုယ်နဲ့ ကိုယ့်ရဲ့တန်ဖိုးတွေကို ပစ်ပယ်သွားကြပါလိမ့်မယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဘယ်ကဏ္ဍမှာမဆို သူ့တန်ဖိုး၊ ကိုယ့်တန်ဖိုးတွေကို ဆန့်ကျင်ဘက် အသွင်၊ ရန်ဘက်အသွင် ရှုမြင်ပြီး တစ်ဖက်သတ် တန်ဖိုးတွေ ချမှတ်ကျင့်သုံးနေကြခြင်းဟာ ပဋိပက္ခဝန်းကျင်ကို ဖန်တီးနေခြင်းနဲ့ တူပါတယ်။ တစ်ဖက်သတ်တန်ဖိုးထားမှုတွေအစား ကိုယ်စီတန်ဖိုးတွေကို အပြန်အလှန်နားလည်မှုနဲ့ လေးစားကြမယ်ဆိုရင် မျှတတဲ့ လူမှုဝန်းကျင်ကောင်းကို မျှော်မှန်းနိုင်ပါလိမ့်မယ်။ ။

*ကျော်ဖုံးမှ*

ဒိန်းမတ်အသင်းကလည်း အဓိက ကစားသမားအများစုဖြင့် အင်္ဂလန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဦးဆောင်ဂိုးကို ဒိန်းမတ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၃၀ တွင် ဒမ်းစ်ဂွါဒ်က အလွတ်တည်ကန်ဘောမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ၃၉ မိနစ်တွင် ဒိန်းမတ်အသင်းမှ ကေဂျား ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့သည်။

ဒုတိယပိုင်းတွင် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများ ရှိခဲ့သော်လည်း နှစ်ဖက်ဂိုးသမားများ ကာကွယ်ထားနိုင်မှုတို့ကြောင့် ပထမပိုင်းရလဒ်ဖြင့်ပင် ပြီးဆုံးခဲ့သည်။ သာမန်ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ၁၀၄ မိနစ်အရောက်တွင် အင်္ဂလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ ဒိန်းမတ်အသင်းသည်အင်္ဂလန်အသင်းကို ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါဗိုလ်လုပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အင်္ဂလန်နိုင်ငံ ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **အောင်ဇော်**

*ကျော်ဖုံးမှ*

ယူအေအီး၊ အီရန်၊ အီရတ်၊ Pot–2 တွင် ကာတာ၊ ဘာရိန်း၊ တာဂျစ်ကစ္စတန်၊ အိုမန်၊ ပါလက်စတိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ Pot–3 တွင် ကူဝိတ်၊ အာဖဂန်နစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အိန္ဒိယ၊ လက်ဘနွန်၊ ယီမင်၊ Pot–4 တွင် ကာဂျစ္စတန်၊ နီပေါ၊ မော်လ်ဒိုက်၊ သီရိလင်္ကာနှင့် ဥဇဘက်ကစ္စတန်တို့ ပါဝင်ကြသည်။ ဥဇဘက်ကစ္စတန်အသင်းသည် နောက်ဆုံးအဆင့်ပွဲစဉ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသော်လည်း ခြေစစ်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြေစစ်ပွဲအောင်အသင်းတွင် ပါဝင်ခဲ့ပါက အကောင်းဆုံးအုပ်စုဒုတိယနေရာ တွက်ချက်ရာတွင် အဆင့် (၅)ရသည့်အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

# “ဘွန်း၊ဘီလ်”ဈေးကွက်အကြောင်း သိကောင်းစရာ

**နန်းခမ်းခ**

“ဘွန်း၊ ဘီလ်”ဟုဆိုရာတွင် မြန်မာနိုင်ငံအစိုးရက ထုတ်ဝေသော အစိုးရငွေတိုက်စာချုပ်များ(Treasury Bonds)နှင့် ငွေတိုက် လက်မှတ်များ(Treasury Bills)တို့ကို ဆိုလိုပါသည်။

ယင်းငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များသည် သတ်မှတ်ကာလ သက်တမ်းစေ့ရောက်ပါက လက်ဝယ်ရှိသူသို့ အစိုးရက မူရင်းတန်ဖိုး(Face Value)ကို ပြန်လည်ပေးအပ်ပါမည်ဟု ကတိပြုချက်ဖြင့် ထုတ်ဝေရောင်းချသော စာရွက်စာတမ်းများ ဖြစ်သောကြောင့် ယင်းတို့အား အစိုးရ ငွေချေးသက်သေခံလက်မှတ်များ(Government Securities)ဟု ခေါ်ဆိုနိုင်သည်။

ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲ နိုင်ငံအစိုးရများသည် နိုင်ငံ၏ အသုံးစရိတ်အတွက် လိုအပ်သောငွေကို ဖြည့်ဆည်းရန်၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဆုံးရှုံးနိုင်ခြေမရှိသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ရရှိစေရန်၊ ပြည်သူများအတွက် ယုံကြည်စိတ်ချရသော ငွေကြေး လည်ပတ်မှုကို အထောက်အကူပြုရန်၊ ငွေကြေးဈေးကွက် တည်ငြိမ်စေခြင်းဖြင့် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန်အကျိုးပြုရန် ရည်ရွယ်၍ ငွေတိုက်စာချုပ်များနှင့် ငွေတိုက်လက်မှတ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချခြင်းဖြင့် အရင်းအနှီးဈေးကွက်(Capital Market)တွင် ပါဝင်သော အစိုးရငွေချေးသက်သေခံလက်မှတ် ဈေးကွက် (Government Securities Market) တစ်နည်းအားဖြင့် ငွေချေးစာချုပ်ဈေးကွက် (Bonds Market)ကို ဖော်ဆောင်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁၉၉၀ ပြည့်နှစ်တွင် သုံးလသက်တမ်းရှိ ငွေတိုက်လက်မှတ်များ(Treasury Bills)ကို လျှော့ချနှုန်း (Discount Rate) ၄ ရာခိုင်နှုန်းဖြင့်ထုတ်ဝေ၍ နိုင်ငံတော်အတွက် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် ဖြစ်ပေါ်လာစေရေးအတွက် အစိုးရ ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၁၉၉၃ ခုနှစ်တွင် သုံးနှစ်နှင့် ငါးနှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များ(Treasury Bonds)ကို တစ်နှစ်လျှင် အတိုးနှုန်း (Coupon Rate) ၁၀ ရာခိုင်နှုန်းနှင့် ၁၀ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးဖြင့် အများပြည်သူသို့ စတင်ထုတ်ဝေရောင်းချခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် သက်တမ်းနှစ်နှစ်ရှိ ငွေတိုက်စာချုပ်ကို တိုးချဲ့ထုတ်ဝေခဲ့သည်။ ထိုစဉ်က နှစ်နှစ်၊ သုံးနှစ်နှင့် ငါးနှစ် သက်တမ်း ငွေတိုက်စာချုပ်များ၏ တစ်နှစ်တာ အတိုးနှုန်းများမှာ ၈ ဒသမ ၇၅ ရာခိုင်နှုန်း၊ ၉ ရာခိုင်နှုန်းနှင့် ၉ဒသမ ၅ ရာခိုင်နှုန်းအသီးသီးဖြစ်သည်။

ယင်းငွေတိုက်စာချုပ်များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ရန်ကုန်မြို့ရှိ မြန်မာငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ (Myanmar Securities Exchange Center – MSEC) တို့၌ ၂၀၁၅ ခုနှစ်အထိ အများပြည်သူသို့ လွတ်လပ်စွာ ရောင်းချပေးခဲ့သည်။

နည်းပညာဖွံ့ဖြိုးမှု ရေစီးကြောင်းနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေတိုက်လက်မှတ်ရောင်းချမှုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင်လည်းကောင်း၊ ငွေတိုက်စာချုပ်ရောင်းချမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင်လည်းကောင်း စာရွက်စာတမ်း အခြေပြုစနစ်(Paper Based System)မှ အီလက်ထရွန်နစ်နည်းပညာဖြင့် မှတ်တမ်းတင်သည့်စနစ် (Scriptless System)သို့ ပြောင်းလဲခဲ့သည်။

ယင်းသို့ပြောင်းလဲရာတွင် ငွေတိုက်စာချုပ်/ ငွေတိုက်လက်မှတ် ဝယ်ယူလိုသည့် အဖွဲ့အစည်းများအလိုက် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လစဉ်ဈေးပြိုင်(Auction)စနစ်ဖြင့် ရောင်းချသည့် ကနဦး/မူလ ဈေးကွက်(Primary Market)၌ ဝယ်ယူနိုင်သည်။ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆင့်ပွားဈေးကွက် (Secondary Market)တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company–SC)များမှတစ်ဆင့် ငွေချေးသက်သေခံလက်မှတ်စာရင်း(Securities Account) ဖွင့်လှစ်၍ လွယ်ကူစွာ ရောင်းဝယ်နိုင်သည်။ သက်တမ်းမစေ့မီ ပြန်လည်ရောင်းချလိုပါက ဆင့်ပွားဈေးကွက်(Secondary Market)တွင် ပြန်လည်ရောင်းချနိုင်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission–SEC)ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရေး၊ စတော့ရှယ်ယာဈေးကွက် (Stock Market) တည်ထောင်ပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ဆင့်ပွားဈေးကွက်(Government Securities Secondary Market) ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိန်းကျောင်း၊ ကြီးကြပ်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ကော်မရှင်ရုံး၏ လုပ်ငန်းတာဝန်များကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ကော်မရှင်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(SC) ခြောက်ခုအား ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း(Underwriting)လုပ်ငန်းလိုင်စင်ကို ထုတ်ပေးခဲ့သည်–

| စဉ် | ကုမ္ပဏီအမည် | ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် Website |
|---|---|---|
| ၁။ | KBZ Stirling Coleman Securities Co., Ltd. | Tel: 9512307075<br>www.kbzsc.com |
| ၂။ | Myanmar Securities Exchange Centre Co., Ltd. | Tel: 378647,374894<br>www.msecmyanmar.com |
| ၃။ | AYA Trust Securities Co., Ltd. | Tel:+95–1–386255~9<br>www.ayatrustsc.com |
| ၄။ | CB Securities Co., Ltd. | Tel:+9518610309~13,<br>www.cbsecurities.com.mm |
| ၅။ | KTZ Ruby Hill Securities Co., Ltd. | Tel:01–8610480<br>Fax:01–8610479<br>www.ktzrh.com |
| ၆။ | UAB Securities Co., Ltd. | Tel: +951504320, +951504406<br>Fax: +951504836<br>www.uabsc.com.mm |

အစိုးရ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ ဝယ်ယူလိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်–

(၁) E–Banking စနစ်ရရှိသည့် နှစ်သက်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ခြင်း၊ (ငွေစာရင်းဖွင့်ပြီးသားရှိပါက မလိုပါ။)

(၂) ဝယ်ယူလိုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(SC)တွင် ငွေချေးသက်သေခံလက်မှတ်စာရင်း(Securities Account) ဖွင့်လှစ်ခြင်း၊
(Securities Account ဖွင့်လှစ်ခြင်းကို Mobile Application အသုံးပြု၍ အွန်လိုင်းဖြင့်လည်း ဖွင့်လှစ်နိုင်သည်။ စာရင်းဖွင့်လှစ်ပြီးပါက SC မှ ယင်းစာရင်းအတွက် အသိအမှတ်ပြုနံပါတ်(ID) ပေးပါမည်။)

(၃) ဝယ်ယူလိုသည့် ငွေတိုက်စာချုပ်/ငွေတိုက်လက်မှတ် တန်ဖိုးကို ဘဏ်ငွေစာရင်းမှ SC ရှိ Securities Account သို့ စာရင်း လွှဲပြောင်းခြင်း၊
(လူကိုယ်တိုင် SC သို့ သွားရောက်ရန်မလိုဘဲ ဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။)

(၄) အထက်ပါလုပ်ငန်းစဉ်များ ပြီးမြောက်ပါက ဝယ်ယူသူသို့ SC က ထုတ်ပေးမည့် ငွေတိုက်စာချုပ်/ငွေတိုက်လက်မှတ် တန်ဖိုးမည်မျှဝယ်ယူထားကြောင်း အသိအမှတ်ပြုလွှာ (Acknowledgement Certificate)ကို စိစစ်ရယူခြင်း။

ငွေချေးစာချုပ်ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်–

(၁) လက်ရှိ ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေ အတိုးနှုန်းထက် မြင့်သော အတိုးနှုန်းကို ရရှိနိုင်ခြင်း၊

(၂) SC သို့ လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် စာရင်းပြောင်းနည်းဖြင့် အလွယ်တကူ ရောင်းဝယ်နိုင်ခြင်း၊ စာရွက်စာတမ်းထိန်းသိမ်းရန် မလိုခြင်း၊

(၃) Secondary Market ၌ ရင်းနှီးငွေအပေါ်ပြန်ရချက်နှုန်း(Yield) ဖြင့် ရောင်းဝယ်ရာတွင် မူရင်းတန်ဖိုးနှင့် ဝယ်ယူသည့်ဈေးနှုန်း၏ ခြားနားချက်(Capital Gain)ကို ရရှိနိုင်ခြင်း၊

(၄) သက်တမ်း စေ့ရောက်သော ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ် လက်ဝယ်ရှိသူသို့ အစိုးရက ငွေပြန်အမ်းရန် ကတိပြုထားသဖြင့် ဆုံးရှုံးနိုင်ခြေ(Risk)မရှိခြင်း၊

(၅) ငွေသားများစွာကို လက်ဝယ်ကိုင်ဆောင်ထားခြင်းဖြင့် မမျှော်မှန်းနိုင်သောဆုံးရှုံးနိုင်ခြေ(Invisible Risk)မှ ကာကွယ်ပြီးဖြစ်ခြင်း။

ယခုအခါ Primary Market ၌ ၃ လ၊ ၆ လ နှင့် ၁၂ လ သက်တမ်းရှိ ငွေတိုက်လက်မှတ်များကို တစ်လလျှင် နှစ်ကြိမ်နှင့် ၂ နှစ်၊ ၃ နှစ်နှင့် ၅ နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များကို တစ်လလျှင် တစ်ကြိမ် ဈေးပြိုင်(Auction)စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ထုတ်ဝေမည့် ပမာဏနှင့် အခြေခံအတိုးနှုန်း သတ်မှတ်မှုများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနက သတ်မှတ်သည်။ ဈေးပြိုင်ရောင်းချမှုကို ငွေတိုက်ဦးစီးဌာနကိုယ်စား မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဆောင်ရွက်သည်။ Auction တွင် ဈေးပြိုင်ဝင်ရောက်ခွင့်ရှိသူများမှာ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဖြစ်ပါသည်။ တစ်ဦးချင်းဝယ်ယူလိုသူများသည် SC များမှတစ်ဆင့် ဝယ်ယူနိုင်သည်။

၁–၅–၂၀၂၀ ရက်မှစ၍ ငွေစုဘဏ်အပ်ငွေအပေါ် တစ်နှစ်ရရှိမည့် အတိုးနှုန်းသည် ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ ၁–၆–၂၀၂၁ ရက်မှ ၁၁–၆–၂၀၂၁ ရက်အထိ Secondary Market ၌ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများက ငွေတိုက်လက်မှတ် စုစုပေါင်းတန်ဖိုး ကျပ် ၃၇၃ ဒသမ ၅ သန်းနှင့် ငွေတိုက်စာချုပ် စုစုပေါင်းတန်ဖိုး ကျပ် ၄၁ ဒသမ ၆ သန်း ရောင်းဝယ်မှုရှိခဲ့သည်။

၁၅–၆–၂၀၂၁ ရက်တွင် ၂ နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်အား အခြေခံအတိုးနှုန်း ၇ဒသမ ၂၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၅ နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်အား အခြေခံအတိုးနှုန်း ၇ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း Primary Market တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ၂ နှစ်သက်တမ်း ငွေတိုက်စာချုပ်အတွက် ပျမ်းမျှအတိုးနှုန်း ၈ ဒသမ ၉၅၆ ရာခိုင်နှုန်းဖြင့် ကျပ် သန်းပေါင်း ၂၃၀၀၀ လေလံအောင်မြင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ငွေပိုငွေလျှံရှိသူ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(SC)များသို့ ဆက်သွယ်၍ ဘဏ်အပ်ငွေအတိုးနှုန်းထက်မြင့်မားသော အတိုးနှုန်း ရရှိနိုင်ပြီး ဆုံးရှုံးနိုင်ခြေမရှိသော အစိုးရငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များကို လွတ်လပ်စွာ ဝယ်ယူရင်းနှီးမြှုပ်နှံသင့်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

**❖ ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ နိုင်ငံအစိုးရများသည် နိုင်ငံ၏ အသုံးစရိတ်အတွက် လိုအပ်သောငွေကို ဖြည့်ဆည်းရန်၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဆုံးရှုံးနိုင်ခြေမရှိသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ရရှိစေရန်၊ ပြည်သူများအတွက် ယုံကြည်စိတ်ချရသော ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုရန်၊ ငွေကြေးဈေးကွက် တည်ငြိမ်စေခြင်းဖြင့် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန်အကျိုးပြုရန် ရည်ရွယ်၍ ငွေတိုက်စာချုပ်များနှင့် ငွေတိုက်လက်မှတ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချ**

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပေါင်မြို့နယ်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်လှစ်မှုနှင့် ရင်းငြိမ်ရေထိန်းတံခါးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇူလိုင် ၈**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ယမန်နေ့က ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် အခြေခံအပ်ချုပ်သင်တန်း ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ ဖြင့် ဇွန် ၈ ရက်မှစတင်၍ ဇူလိုင် ၉ ရက်အထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်း ဖွင့်လှစ်ထားရှိမှု အနေဖြင့် သင်တန်း ၂၈ ခုကို သင်တန်း သားသင်တန်းသူ ၅၄၅ ဦးဖြင့် တက်ရောက်ရန် လျာထားကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ပေါင်မြို့နယ် ကျုံဟော်-ရာမဆိပ်တံတား ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၂၂ သန်းဖြင့် တည်ဆောက်ခဲ့ပြီး တံတားအရှည် ပေ ၃၆၀ ၊ အကျယ် ၂၄ ပေ၊ ခွင့်ပြု တန်ချိန် ၆၀ ရှိပြီး တံတား တည်ဆောက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အတွက် လမ်းပန်း ဆက်သွယ်ရေးတွင် များစွာအကျိုးပြုကြောင်း သိရသည်။

ဆက်လက်ပြီး မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပေါင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ရင်းငြိမ်ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

ရင်းငြိမ်ရေထိန်းတံခါးသည် ပေါင်မြို့နယ် ကျုံဟော်ကျေးရွာအထက် တစ်မိုင်ခွဲခန့်အကွာ ရင်းငြိမ်ချောင်းပေါ်တွင် တည်ရှိကာ ကွန်ကရစ်ရေထိန်းတံခါးအမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ၃၁ ဒသမ ၂၅ စတုရန်းမိုင်ရှိ၍ မိုးရာသီတွင် ပင်လယ်ဒီရေတက်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ ရေချိုထိန်းသိမ်းခြင်းနှင့် နုန်းမြေတက်ခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ပေါင်မြို့နယ်အတွင်း ရေနက်ကွင်း ဧက ၂၀၀၀၀ ကျော် အကျိုးသက်ရောက်မှုရှိစေမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စစ်တွေခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇူလိုင် ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ရှင်းလင်းသည်။



ထို့နောက် တက်ရောက်လာကြသော ခရိုင်ကော်မတီဝင်များက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးတင်ပြကြသည်။ အဆိုပါ အစည်းအဝေးသို့ ခရိုင်ကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည် ။

တင်ထွန်း(ပြန်/ဆက်)

## အမ်းမြို့နယ်တွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**အမ်း ဇူလိုင် ၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တင်ဒါအောင် ကုမ္ပဏီက ဆောင်ရွက်သည့် ညောင်ချောင်းကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း ပြီးစီးမှုနှင့် အထက်ဇင်ဂေါင်ကျေးရွာ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းပြီးစီးခြင်းတို့ကို ယမန်နေ့က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာလေးလေးဆွေနှင့် တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အထက်ဇင်ဂေါင် စိမ့်စမ်းရေသွယ်တန်းခြင်းအတွက် အဆိုပါ ကုမ္ပဏီက ငွေကျပ် ၁၆ ဒသမ ၇၆၅၄ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ တာဝန်ရှိသူများက ရေပိုက်လိုင်းသွယ်တန်းပြီး ပိုက်လိုင်းမြေမြှုပ်ရာတွင် စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေး၍ ကျေးရွာကော်မတီဝင်များအား စိမ့်စမ်းရေအရင်းအနီးတွင် အပင်များကို မခုတ်လှဲခြင်း၊ နွေရာသီတွင် တောမီးရှို့ခြင်းများ မပြုလုပ်ကြစေရန် ဂရုပြုစေလိုကြောင်းနှင့် ကျေးရွာသူ ကျေးရွာသားများထံသို့ အသိပေးစေရန် အပါအဝင် ရေထွက်ပင်ရင်းမှ စိမ့်စမ်းရေအစဉ်မပြတ်စီးဆင်းစေရန် အမှိုက်သရိုက်များ ပိတ်ဆို့ခြင်းများ မရှိစေရေး ဝိုင်းဝန်း ထိန်းသိမ်းသွားကြရန် ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်လှဖြူ**

## နန်းယွန်းမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းနှင့် ပျိုးပင်၊မျိုးစေ့များပေးအပ်

**နန်းယွန်း ဇူလိုင် ၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲနှင့် ပျိုးပင်၊ မျိုးစေ့များပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က ကော်ဖီစိုက်ပျိုး ထုတ်လုပ်ခြင်းနည်းပညာ၊ ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ၊ ရွှေ့ပြောင်းတောင်ယာမှ အခြေချလယ်ယာစနစ်သို့ ကူးပြောင်းခြင်းနှင့် ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်အကြောင်း ရှင်းလင်း ဆွေးနွေးသည်။

အလားတူ တက်ရောက်လာကြသော သင်တန်းသားများအား ပျိုးပင်များလက်ဆောင်ပေးအပ်ရာတွင် ကော်ဖီ၊ မျောက်ငို၊ လက်ဖီ၊ သရက်၊ မက်မန်း၊ မက်ကာဆေးဗီးယားနှင့် ထောပတ်ပင်များကိုလည်းကောင်း၊ မျိုးစေ့များ ဖြန့်ဖြူးပေးအပ်ရာတွင် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ကော်ဖီစေ့၊ ဟင်းသီးဟင်းရွက်တို့ကိုလည်းကောင်း၊ မျိုးစေ့ချကိရိယာများကိုလည်းကောင်း ပံ့ပိုးပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့် ထံမှသိရသည်။

**မွေးကြူဇင်**

## ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)တွင် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရေလုပ်သားများ ပင်လယ်ပြင်တွင် ကြုံရမည့်အခက်အခဲများ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်အရည်အသွေး တိုးတက်လာစေရန် ရည်ရွယ်၍ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း(၃/၂၀၂၁)ကို ယမန်နေ့က အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွဋ်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်နိုင်တို့က အမှာစကားပြောကြားသည်။

သင်တန်းကို သင်တန်းသား ရေလုပ်သား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၇ ရက်မှ ဇူလိုင် ၉ ရက်အထိဖြစ်ပြီး သင်တန်းတွင် ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ် ကင်းရှင်းစေရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်းအကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါး/ပုစွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့်ရေကြောင်းပညာပေးဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ကျွမ်းကျင်ပညာရှင်များက သင်ကြားဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကသာမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကသာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ပညာရေးဒီဂရီကောလိပ်ကျောင်းအတွင်း၌ ယမန်နေ့က ပြုလုပ်သည်။

အဆိုပါသစ်ပင်စိုက်ပွဲတော်သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့်အဖွဲ့၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကျွန်း ၄၀၀ ၊ ပျဉ်းကတိုး ၂၅၀ ၊ပိတောက် ၅၀ နှင့် ခရေ ၃၀ စုစုပေါင်း ပျိုးပင် ၇၃၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ စာသင်ကျောင်းလုံခြုံရေးအဖွဲ့ကို လာရောက်ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကိုင်အကြမ်းဖက်သူအမျိုးသား နှစ်ဦး လက်နက်ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ စာသင်ကျောင်းလုံခြုံရေးအဖွဲ့ကို လာရောက်ပစ်ခတ်တိုက်ခိုက်သည့် လက်နက်ကိုင်အကြမ်းဖက်သူအမျိုးသား နှစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် နံနက် ၄ နာရီခွဲတွင် ထားဝယ်မြို့နယ် ရောင်းမော်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်သည့် ပြည်သူ ၁၀ ဦးသည် အဆိုပါကျောင်း၌ လုံခြုံရေးဆောင်ရွက်ပေးနေစဉ် Dawei Defence Team (DDT) အမည်ခံ လက်နက်ကိုင် အကြမ်းဖက်သူအင်အား ၂၀ ခန့်က ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျောင်းခြံစည်းရိုးအပြင်ဘက်မှနေ၍ လက်လုပ်ဗုံး၊ လက်လုပ်သေနတ်၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျောင်းလုံခြုံရေးအဖွဲ့က တူမီးသေနတ်များဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အဆိုပါအကြမ်းဖက်သူများ ကျောင်းနှင့် မီတာ ၅၀ ခန့်အကွာသို့ ဆုတ်ခွာသွားခဲ့သည်။

အကြမ်းဖက်သူများက ကျောင်းလုံခြုံရေးအဖွဲ့ကို လာရောက်ပစ်ခတ်တိုက်ခိုက်ကြောင်း သတင်းအရ နံနက် ၅ နာရီတွင် ထားဝယ်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောင်းလုံခြုံရေးအဖွဲ့နှင့် ပူးပေါင်းရန် ထွက်ခွာလာခဲ့ရာ အဆိုပါကျောင်း၏ အရှေ့ဘက် မီတာ ၁၀၀ ခန့်အကွာ၌ လက်နက်ကိုင်အကြမ်းဖက်သူများက လက်လုပ်ဗုံး၊ လက်လုပ်သေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၎င်းတို့မှာ စာသင်ကျောင်း၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားပြီး DDT အမည်ခံ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ တင်နိုင်(ခ) ကိုဂျိမ်း (ခ) ဂျိမ်းစဘွန်း (၄၈) နှစ်နှင့် အမျိုးသား တစ်ဦးတို့ကို လက်လုပ်ပြောင်းချော သေနတ် တစ်လက်၊ ပွိုင့် ၂၂ သေနတ် အရှည် နှစ်လက်၊ ပွိုင့် ၂၂ သေနတ်အတို နှစ်လက်၊ ပွိုင့် ၂၂ ကျည် ၁၅ တောင့်၊ လက်လုပ်ဗုံး သုံးလုံး၊ ဆိုင်ကယ် လေးစီးတို့နှင့်အတူ အသေဖမ်းဆီးရမိခဲ့သည်။



တရားခံ တင်နိုင်(ခ)ကိုဂျိမ်း(ခ)ဂျိန်းစဘွန်း (သေဆုံး)



တရားခံအမျိုးသား တစ်ဦး (စိစစ်ဆဲ) (သေဆုံး)

ထိုကဲ့သို့ ကျောင်းလုံခြုံရေး ဆောင်ရွက်နေသည့် ကျေးရွာသားများကို ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သည့် Dawei Defence Team (DDT) အမည်ခံ လက်နက်ကိုင် အကြမ်းဖက်သူများကို ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မင်းလှ၌ ဗုံးသီးကို လွယ်အိတ်အတွင်းထည့်ထားစဉ် ပေါက်ကွဲမှုဖြစ်၍ လူတစ်ဦးနှင့် နွားနှစ်ကောင် သေဆုံး

အထက်မင်းလှ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အိုးဘိုကုန်းကျေးရွာ မြောက်ဘက်တစ်မိုင်ခန့်အကွာ တာဝေးစစ်ပစ်ကွင်းဧရိယာအတွင်း၌ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲက မပေါက်ကွဲသေးသည့် ဗုံးသီးကို လွယ်အိတ်အတွင်း ထည့်ထားစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လူတစ်ဦးနှင့် နွားနှစ်ကောင် သေဆုံးပြီး နွားလေးကောင် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့နယ် အိုးဘိုကုန်းကျေးရွာမှ မောင်ပြည့်စုံဦး (၁၅) နှစ်သည် နွားကျောင်းနေစဉ် ပေါက်ကွဲခြင်းမရှိသေးသည့် (MRIS-122) ဒုံးအမျိုးအစားကိုတွေ့ရှိပြီး ကောက်ယူပြီး လွယ်အိတ်အတွင်းသို့ထည့်၍ ပြန်လာစဉ် လှည်းလမ်းကြောင်းတစ်နေရာ၌ ဗုံးသီးမှာပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် မောင်ပြည့်စုံဦးနှင့် အနီးရှိနွားနှစ်ကောင် သေဆုံးပြီး၊ အခြား နွားလေးကောင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၇-၂၀၂၁ သောကြာနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၁၅** ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (တတိယနေရာလုပွဲ)(မကွေးနှင့်မန္တလေး)
**၀၉:၄၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၄၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၃၀** နောင်အင်းလေးနဲ့ မိုင်းသောက်တံတားလေးဆီသို့
**၁၃:၃၀** MRTV National News
**၁၄:၄၅** ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပွဲ)(ရန်ကုန်နှင့်ကရင်)
**၁၇:၀၅** အောက်မေ့အဝါဝါသတိတရများစွာ တည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)မှာ
**၁၇:၂၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသိရှိဖွယ်ရာ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း–၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ဝသုန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ပြည်သူ့နီတိ **'ငြောက်ပစ်တင်း'**

**mitv**

**07:01** News
**07:27** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:35** Natural Mineral Water
**07:51** Chaung Tha Souvenir Business
**08:01** Making a Living as Horticulturist
**08:15** Lady Pilot
**08:26** Village Belle
**08:41** Memorable Yaw Region
**09:01** Discovering Tribes: Taikhamti (or) Khamti Shan (Their Life and Customs) (Part-1)
**09:24** Bamboo Fashion in Style
**09:34** Next Generation "Nyan Lin Htet (Football Player)"
**09:44** Safari World
**09:55** Paper Toys

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မနောအလှ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာကြက်သားဟင်းသုပ်

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ကောက်စိုက်ထမင်းဝိုင်းပြင်ဆင်ပုံ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြုံးပဒေသာ
(မောင်သာလုနှင့်လည်လွှန်းတဲ့ဘီး)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုးတုံမြို့

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မတူညီသောပုံရိပ်များ(အပိုင်း–၁)(ဇာတ်လမ်း)

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၁၅** ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (တတိယနေရာလုပွဲ)(မကွေးနှင့်မန္တလေး)
**၁၄:၄၅** ၂၀၂၁ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပွဲ)(ရန်ကုန်နှင့်ကရင်)

**MRTV Farmers' Channel**
MRTV Farmers Channel ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ခွင့်ပြုနိုင်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်ဆက်လက်ခွင့်ပြုနိုင်ရေး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကို ယမန်နေ့က Video Conferencing စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များက Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြပြီး စက်မှုဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်သည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကို အတည်ပြုပေးခဲ့ပြီး မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ဖြစ်ပြီး အဆိုပါလုပ်ငန်းမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၈၀၀ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကာလတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်ဆက်လက်ခွင့်ပြုနိုင်ရေးအတွက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ – ၇ – ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၂ . ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၂ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၈၅၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၃၀ | ၂၉၃၇၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၄ | ၄၉၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၇၃ | ၁၉၃၄၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၃၆ | ၁၁၁၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊** **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟောသဓဇာတ်တော်

**မြတ်မင်းလှိုင်**

*(ယမန်နေ့မှအဆက်)*

တစ်နေ့သ၌ မင်းကြီးသည် အရှေ့ပါစိနယဝမဇ္ဈဂုံးရွာသို့ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ပို့ဆက်ရမည်ဟု စေတော်မူသည်။ မဟောသဓက ရဲရင့်စကားတတ်သောရွာသားတစ်ဦးကို တစ်ကိုယ်လုံး ရေစွတ်၍ ရွှံ့နွံတို့လိမ်းကျံလျက် မင်းကြီးထံသို့ ဝင်စေသည်။ ထိုသူက သင်ကြားပေးလိုက်သည့်အတိုင်း တောမှရေကန်ကို ယဉ်ကျေးပြီးသော မင်းကြီး၏ ရေကန်တော်နှင့် မျှားခေါ်လို၍ ရေကန်တော်လွှတ်ပေးရန် လျှောက်တင်လေသည်။ မင်းကြီးက ရေကန်ကို ဆောင်ယူ၍မရနိုင်ကြောင်းဆိုသည့်အခါ ထိုသူက ကျွန်တော်မျိုးတို့လည်း ဆောင်ယူ၍ ရနိုင်မည်မဟုတ်ပါဟု လျှောက်တင်ခဲ့၏။ ထိုပြဿနာကို ဖြေရှင်းသူမှာလည်း မဟောသဓဖြစ်သည်ကို မင်းကြီးသိရှိ၍ အပါးသို့ခေါ်လိုသော်လည်း သေနကအမတ်စကားကြောင့် ဆိုင်းငံ့၍ နေရပြန်သည်။

နောက်တစ်နေ့၌ မင်းကြီးသည် ဥယျာဉ်တော်သစ် ပို့ဆက်ရမည်ဟု စေပြန်သည်။ ရေကန်ပြဿနာနည်းတူ တောမှဥယျာဉ်ကို မျှားခေါ်ရန် မင်းကြီး၏ ဥယျာဉ်တော်ကို စေလွှတ်ပေးရန် ရဲရင့်၍စကားတတ်သော ရွာသားတစ်ဦးကို လျှောက်စေခြင်းဖြင့် ပြဿနာပြေလည်ခဲ့ရပြန်သည်။

မင်းကြီးသည် မဟောသဓ၏ ဉာဏ်ပညာကို အထူးအားရကျေနပ်သဖြင့် နန်းတွင်းသုခမိန်အဖြစ် ခေါ်ယူထားလိုသော်လည်း သေနကအမတ်စကားကြောင့် အကြိမ်ကြိမ်ခေါ်ယူခြင်း မပြုနိုင်ခဲ့ချေ။ ထို့ကြောင့် မင်းကြီးသည် နှလုံးမသာမယာဖြစ်လှသည်ကြောင့် ကိုယ်တော်တိုင် အရှေ့ပါစိနယဝမဇ္ဈဂုံးရွာသို့ ကြွချီတော်မူလေသည်။ လမ်းခရီး၌ မင်းကြီး၏မြင်းတော် မြေကျွံသဖြင့် ခြေကျိုးသည်ကြောင့် နန်းတော်သို့ ပြန်ခဲ့ရလေသည်။

နောက်တစ်နေ့တွင် မင်းကြီးသည် သေနကအမတ်ကြီး၏ အကြံပြုချက်အတိုင်း မဟောသဓထံသို့ “ယမန်နေ့က အရှေ့ယဝမဇ္ဈမဂုံးရွာသို့ ထွက်တော်မူစဉ် ငါ၏မင်္ဂလာမြင်းတော် ခြေကျိုးရသည် ဖြစ်သောကြောင့် အရှေ့ယဝမဇ္ဈဂုံးရွာသားတို့က မြင်းကောင်း တစ်စီးနှင့် သူဌေးတစ်ယောက်ကို ငါ့ထံပို့ဆက်ရမည်”ဟု အမိန့်အလွှာ ပေးပို့စေခဲ့သည်။ အမိန့်တော်အမှာကို ကြားသိရသည်နှင့် မဟောသဓလည်း မြင်းကောင်းတစ်စီးဟူသည်မှာ မိမိကိုရည်ရွယ်ပြီး သူဌေး တစ်ယောက်မှာ မိမိ၏ဖခင်ကိုဆိုလိုကြောင်းသိ၍ ဖခင်အား ရှေးဦးစွာ သွားရောက်စေပြီး ၎င်းကနောက်မှ လိုက်ပါလာခဲ့သည်။ လမ်းတွင် မဟောသဓသည် လူငယ်ဖော်များအား မြည်းတစ်ကောင်ကို ဖမ်းယူစေခဲ့သည်။

မဟောသဓ ရောက်လာလျှင် သူဌေးကြီးသည် ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း မိမိနေရာမှ ဖယ်ပေးလေသည်။ မဟောသဓက ဖခင်သူဌေးကြီး၏နေရာသို့ ဝင်ထိုင်လေသည်။ အမတ်ကြီးများနှင့် လူအများက ကဲ့ရဲ့ကြသည့်အပြင် မင်းကြီးကလည်း မဟောသဓအား ဖခင်ကိုမရိုသေသူဟု ပြစ်တင်စကားဆိုလေသည်။ ထိုအခါ မဟောသဓက ယူဆောင်လာသောမြည်းကိုပြ၍ မြည်းတစ်ကောင်သည် မြည်းထီးနှင့် ဆက်ဆံ၍ ပေါက်ဖွားလာသော အဿထိုရ်မြင်းနှင့် မြည်းတို့၏တန်ဖိုး ကွာခြားလှသည်ကို နှိုင်းယှဉ်ကာ တင်လျှောက်လေသည်။ သားသည် အဖထက်မြတ်သည်လည်း ရှိပေသည်ဟု မင်းကြီးသဘောပေါက် ချီးမြှောက်လေသည်။ မင်းကြီးသည် မဟောသဓအား သားအမှတ်မွေးယူပြီး သူဌေးကြီးကိုလည်း ရွာစားမင်းအရာ မြှောက်စားလေသည်။ မဟောသဓက ရွှေဖော်ဖွားဖက် တစ်ထောင်နှင့်အတူ နန်းတွင်း၌ ခစားရန်မသင့်၍ နန်းပြင်ကသာ ခစားခွင့်ပြုရန် တင်လျှောက်သည်ကို မင်းကြီးက သဘောတူခွင့်ပြုသည်။




မြို့၏တောင်တံခါးဝအနီးရှိ ရေကန်အနီးတွင် ထန်းပင်ရှိ၏။ ထန်းပင်ပေါ်ရှိ ကျီးသိုက်တွင် အလွန်တောက်ပသော ပတ္တမြားတစ်လုံး၏ အရိပ်သည် ရေကန်သို့ထင်ဟပ်နေသည်။ လူအပေါင်းတို့က ရေကန်မှ ရေကိုသွန်ထုတ်တူးဆွ၍ ရှာဖွေကြသော်လည်း မတွေ့ကြချေ။ မဟောသဓသုခမိန်သည် ထန်းပင်ထက်က ပတ္တမြားအရောင်သည် ရေကန်၌ ထင်ဟပ်နေသည်ကို လေ့လာတွေ့ရှိရသည်ကြောင့် လူတစ်ယောက်ကို တက်စေကာ အလွယ်တကူ ယူဆောင်ပေးလိုက်လေသည်။ မင်းကြီးသည် မဟောသဓ၏ ပညာကို မျက်မှောက်ထင်ထင် တွေ့မြင်ရသဖြင့် အလွန်နှစ်သက် ဝမ်းမြောက်လှသည်ကြောင့် ဆုလာဘ်ချီးမြှင့်သည့်အပြင် အလိုရှိသမျှ ဝင်ထွက်ခံစားခွင့်ပြုလေသည်။

တစ်နေ့သ၌ မင်းကြီးသည် မဟောသဓနှင့်အတူ ဥယျာဉ်တော်သို့ ထွက်တော်မူရာ ပုတ်သင်ညိုတစ်ကောင်သည် မင်းကြီးခြေရင်း၌ ခစားသဖြင့် မင်းကြီးက နေ့စဉ် အမဲ လေးရွေးဖိုး ဝယ်ကျွေးရန် ဥယျာဉ်စောင့်အား အမိန့်ပေးခဲ့သည်။ ဥပုသ်နေ့ကျရောက်သည့်နေ့တွင် အမဲဝယ်မရ၍ ဥယျာဉ်မှူးက ပုတ်သင်၏လည်၌ အသပြာလေးရွေး ဆွဲပေးထားလေသည်။ နောက်တစ်နေ့၌ မင်းကြီးအား အရိုအသေ မပြုဘဲ နေလေသည်။ ထိုအခါ မဟောသဓက ပုတ်သင်ညိုသာမက ပညာရှိသူ တို့သည်ပင် ဥစ္စာစည်းစိမ်ကိုမှီး၍ မာန်ထောင်ထား ပလွှားတတ်သည်ကို ကျနစွာ ရှင်းလင်းလျှောက်တင်ခဲ့ရာ မင်းကြီးက ချီးမြှောက်လေသည်။

ကျော်စောထင်ရှားသော မဟောသဓသုခမိန် ပေါ်ထွန်းချိန် ထိုမိတ္ထိလာပြည်၌နေသော ပိင်္ဂုတ္တရအမည်ရှိ လုလင်ပျိုသည် တက္ကသိုလ်ပြည်၌ပညာသင်ကြားတတ်မြောက်၍ ဒိသာပါမောက္ခဆရာကြီးက ၎င်း၏သမီးနှင့် ထိမ်းမြားပေးလေသည်။ ပိင်္ဂုတ္တရသည် ဘုန်းမရှိဘဲ ဒိသာပါမောက္ခ၏သမီးသည် ဘုန်းရှိသူဖြစ်၍ သတို့သမီးအနားသို့ ကပ်၍မရပေ။ ခုနစ်ရက်မြောက်လျှင် ပိင်္ဂုတ္တရလုလင်သည် မိဘများ ထံသို့ သတို့သမီးနှင့် အတူပြန်လေသည်။ လမ်းတွင် သဖန်းပင်ကို တွေ့လျှင် သတို့သမီးသည် ဆာလောင်နေသည်ကိုသိရှိ၍ ကိုယ်တိုင် တက်၍ခူးစေသည်။ သတို့သမီးသည် သဖန်းပင်ပေါ်သို့ ရောက်ချိန်တွင် ပိင်္ဂုတ္တရလုလင်သည် အပင်ရင်း၌ ဆူးများ ကာရံထားပြီး ထွက်ပြေးလေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုနေ့နံနက်၌ ဥယျာဉ်တော်သို့ ဆင်စီးလျက် ထွက်တော်မူသည်။ သဖန်းပင်အနီးသို့ရောက်၍ သတို့သမီးကိုတွေ့လျှင် မေးမြန်းစုံစမ်းစေသည်။ သတို့သမီး၏ ဖြစ်ကြောင်းစုံလင် သိရှိရလျှင် သတို့သမီးအား နန်းတွင်းသို့ ဆင်တော်နှင့် ခေါ်ဆောင်သွားသည်။ ထို့နောက် ဥဒုမ္ဗရဒေဝီဟူသောဘွဲ့ဖြင့် မိဖုရားကြီးမြှောက်တင်လေသည်။

တစ်နေ့သ၌ မင်းကြီးသည် ဥယျာဉ်တော်သို့ထွက်တော်မူရာ မိဖုရားကြီးလည်း လိုက်ပါလာတော်မူ၏။ မြို့တံခါးဝအပြင်၌ အရပ်သားများနှင့်အတူ လမ်းပြင်နေသော ပိင်္ဂုတ္တရလုလင်ကိုမြင်လျှင် မိဖုရားကြီးသည် အားရစွာရယ်မိလေသည်။ မင်းကြီးသည် အမျက်ထွက်တော်မူ၍ အဘယ်ကြောင့်ရယ်ရသည်ကို မေးလေသည်။ မိဖုရားသည် ပိင်္ဂုတ္တရလုလင်အားတွေ့၍ ရယ်မောမိသည်ကို အကြောင်းစုံရှင်းလင်း လျှောက်တင်သော်လည်း မင်းကြီးက မယုံကြည်၍ သတ်မည်ပြုလေသည်။ မိဖုရားကြီး တောင်းပန်သည့်အခါ သေနကအမတ်ကြီးအား တိုင်ပင်ရာ အမတ်ကြီးကလည်း ယုံကြည်မှု မရှိပေ။ သို့အတွက် မဟောသဓက ဘုန်းကျက်သရေရှိသောသူနှင့် ဘုန်းကံမဲ့သူတို့ ထပ်တူမရှိနိုင်ကြောင်း၊ မဟာသမုဒ္ဒရာ၏ ကမ်းတစ်ဖက်နှင့် တစ်ဖက် ကွာဝေးလှသကဲ့သို့၊ ကောင်းကင်နှင့် မြေကြီးကွာဝေးသလို သူမြတ်နှင့်သူယုတ်မာတို့ ကွာလှမ်းကြကြောင်း ဥပမာများနှင့် မိဖုရားဖြစ်စဉ်ကို ယုံကြည်ကြောင်း လျှောက်၍ မိဖုရားကြီး ချမ်းသာရလေသည်။ မိဖုရားကြီးသည် ကျေးဇူးတင်၍ မဟောသဓအား မောင်အဖြစ်ကျွေးမွေးခွင့်နှင့် အစားအစာများ အချိန်မရွေးပို့နိုင်ရန် တံခါးကိုပိုင်ခွင့် တောင်းပန်ရာ မင်းကြီးက ခွင့်ပြုလိုက်လေသည်။

တစ်နေ့သ၌ မင်းကြီးသည် စင်္ကြံလျှောက်နေစဉ် ဆိတ်နှင့်ခွေးတို့ သင့်တင့် မိတ်ဆွေဖြစ်နေသည်ကို လေသာတံခါးမှ တွေ့လိုက်ရလေသည်။ ဆိတ်သည် ခွေးအား စားဖိုဆောင်မှ အမဲကိုခိုး၍ပေးပြီး ခွေးသည် ဆိတ်အား ဆင်တင်းကုပ်မှမြက်ကို ခိုးပေးလေသည်။ ထိုအကြောင်းကို ပြဿနာပြု၍ မိုးသောက်သော် သုခမိန်ငါးယောက်တို့အား မေးလေသည်။ သေနကအမတ်ကြီးက ဦးဆောင်၍ တစ်နေ့မျှ အချိန်ပေးရန် လျှောက်တင်ရာ မင်းကြီးက ခွင့်ပြုလေသည်။ မဟောသဓသုခမိန်သည် မင်းကြီးထံမှထပြီးလျှင် အမှုကိုဆင်ခြင်လိုသောကြောင့် ဥဒုမ္ဗရဒေဝီမိဖုရားထံသွား၍ ယမန်နေ့က မင်းကြီးကြာမြင့်စွာ ရပ်တော်မူသည့်နေရာကို မေးမြန်းဆင်ခြင်သော် အဖြေမှန်ကို ရရှိလေသည်။ အမတ်လေးဦးတို့က မဟောသဓအား အဖြေမေးသည့်အခါ မဟောသဓအမြွက်မျှသာ အဖြေဂါထာတစ်ပုဒ်စီ နှုတ်တိုက်ချသင်ပေးလိုက်၏။ နောက်တစ်နေ့ မိုးသောက်သောအခါ အမတ်လေးဦးတို့က မဟောသဓသင်ပေးလိုက်သည့် ဂါထာတစ်ပုဒ်စီဖြင့် အကျဉ်းမျှသာဖြေဆိုနိုင်ပြီး မဟောသဓမှာ အပြည့်အစုံ လျှောက်တင်ဖြေကြားလေသည်။ မင်းကြီးသည် သုခမိန်ငါးဦးစလုံးအား ချီးကျူးလေလျှင် မိဖုရားကြီးက မင်းကြီးအား အဖြစ်မှန်ကို တင်လျှောက်လေသည်။

တစ်နေ့သ၌ မင်းကြီးက ဤလောက၌ လူနှစ်ယောက်ရှိရာ တစ်ယောက်က ပညာရှိ၏။ စည်းစိမ်ချမ်းသာမှုမရှိ။ တစ်ယောက်ကား စည်းစိမ်ရှိ၏။ ပညာမရှိ။ ထိုသူနှစ်ယောက်တို့တွင် မည်သူက မြတ်သနည်းဟု မေးမြန်းလေသည်။ သေနကအမတ်က ပညာရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥစ္စာရှင်၏ အစေအပါးသာဖြစ်ရ၍ ဥစ္စာက မြတ်ကြောင်း ဖြေကြားလေသည်။ မဟောသဓကမူ ဥစ္စာကြောင့် လူများသည် မကောင်းမှုကို ပြုတတ်သည်ကြောင့် အပယ်၌ ကျတတ်သဖြင့် ပညာရှင်ကသာ အပြစ်ကိုမြင်၍ ဆင်ခြင်နိုင်သည်ဖြစ်၍

---

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) ဝင်းရှိ အောင်ခေမာတွံတေး ကျောင်းတိုက်နှင့် တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာရှိမြစိမ်းတောင်တောရ(၂) ကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်တို့မှ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ အလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပညာကမြတ်ကြောင်း လျှောက်တင်လေသည်။ ထိုအခါ သေနကအမတ်က ပညာရှိသော ဂေါဝိန္ဒသူဌေးကို လူအများမှီခိုရကြောင်း သက်သေထုတ်လျှင် မဟောသဓကေ ဥစ္စာသည် အခိုက်အတံ့သာဖြစ်၍ ပညာမရှိက ဥစ္စာအသစ် မဖန်တီးနိုင်သဖြင့် ပညာသာမြတ်ကြောင်း လျှောက်တင်ပြန်သည်။ သေနကအမတ်က ဥစ္စာကြွယ်ဝသူကို အရပ်ရပ်ရှိလူများခိုလှုံရကြောင်း တင်လျှောက်ပြန်လျှင် မဟောသဓကေ ပညာရှိမှသာလျှင် သံသရာ၌ ကောင်းမှု မကောင်းမှုကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း လျှောက်တင်သည်။

တစ်ဖန် သေနကအမတ်က ပညာရှင်သည် ဥစ္စာရှင်ထံသို့သာ ဝင်ခိုရမြဲဖြစ်ကြောင်း တင်လျှောက်ပြန်ရာ မဟောသဓကေ ဥစ္စာရှင်ဖြစ်သော်လည်း သူမိုက်စကားသည် ပညာရှိကို မလွန်ဆန်နိုင်ကြောင်း ချေပ၏။ ထိုအခါ သေနကအမတ်က ဥစ္စာရှင်၏စကားကိုသာ လူအများ နာခံကြရကြောင်း တင်လျှောက်လျှင် မဟောသဓကေ သူမိုက်သည် ကဲ့ရဲ့ခံရကြောင်း၊ တစ်ဖန် သေနကအမတ်က ပညာရှင်သည် ဥစ္စာရှင်၏ ရှေ့၌ ပညာစွမ်းမပြနိုင်ကြောင်း လျှောက်တင်လျှင် မဟောသဓာက ပညာရှိသည် ကိုယ်ကျိုး သူတစ်ပါးအကျိုး ဆောင်ရွက်နိုင်ပုံကို တင်လျှောက်၏။ ထိုအခါ သေနကအမတ်က ကျွန်ုပ်တို့ပညာရှင်ငါးဦးသည် ဥစ္စာရှင် မင်းကြီးအား ခစားနေရကြောင်း တင်လျှောက်လျှင် မဟောသဓကေ မင်းကြီးသည် ပြဿနာများပေါ်သောအခါ ပညာရှိများကိုသာ မေးရကြောင်း တင်လျှောက်သည်။ ထို့အပြင် မည်သည့် စည်းစိမ်ရှင် သူမိုက်မျှ ပညာရှိကို လွန်မြောက်နိုင်ခြင်းမရှိကြောင်းကို သဗ္ဗညုတဉာဏ်တော်ရ ဘုရားရှင်မြတ်စွာဘုရားကို သက်သေပြု၍ လျှောက်တင်လေလျှင် သေနကအမတ်သည် ပြန်လည်ချေပနိုင်စွမ်း မရှိတော့ပေ။ မင်းကြီးလည်း မဟောသဓအား ချီးမြှောက်လေသည်။

သို့ဖြစ်၍ မဟောသဓသေုခမိန်သည် အသက်တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်လေလျှင် မိဖုရားကြီး ဥဒုမ္ဗရဒေဝီက ထိုက်တန်သော သတို့သမီးနှင့် ထိမ်းမြားပေးရန် ကြံရွယ်လေသည်။ မဟောသဓကေ မိမိနှစ်သက်သူကို ရွေးချယ်ရှာဖွေခွင့်တောင်းကာ အပ်ချုပ်သမား အသွင်ဖြင့် တစ်ယောက်တည်း မြောက်တံခါးမှ ဥတ္တရယဝမဇ္ဈိဂုံးရွာသို့ သွားလေသည်။

ထိုရွာ၌ စည်းစိမ်ပြုန်းတီးပျက်စီးသဖြင့် လယ်ယာဖြင့် အသက်မွေး နေကြသော သူဌေးဟောင်းလင်မယားရှိ၏။ ထိုလင်မယား၌ အမရာ အမည်ရှိသော သမီးတစ်ယောက် ရှိပေသည်။ မဟောသဓရောက်ရှိသည့် နေ့တွင် အမရာသည် ဖခင်ရှိရာ လယ်တောသို့ နံနက်စာ ယာဂု သွားပို့ရာ မဟောသဓနှင့် ဆုံလေသည်။ မဟောသဓသေုခမိန်သည် အမရာအား အိမ်ထောင်ရှိမရှိကို လက်ဆုပ်ပြမေးလေရာ အမရာက ဉာဏ်ပညာရှိသူ ဖြစ်သဖြင့် အိမ်ထောင်မရှိကြောင်းကို လက်ဝါးဖြန့်ဖြေဆိုသည်။ ထိုအခါ မဟောသဓကေ အမည်ကိုမေးလျှင် အမရာက အတိတ်ပစ္စုပ္ပန် အနာဂတ်တို့၌ မရှိသောအမည်ဖြစ်ကြောင်းဖြေလျှင် အမရာ ဖြစ်ကြောင်းကို သိရှိရလေသည်။ မဟောသဓနှင့် အမရာတို့သည် အပြန်အလှန်စကားဝှက်ဖြင့် ဆက်လက်မေးမြန်းဖြေဆိုကြသည်။ ထို့နောက် မဟောသဓသည်အမရာတိုက်ကျွေးသည့်ယာဂုကိုသောက်၍ အမရာ၏နေအိမ်သို့ ကြိုတင်သွားနှင့်လေသည်။

အမရာ၏မိခင်လည်း ဧည့်ဝတ်ကျေစွာ ကြိုဆိုခဲ့သည်။ မဟောသဓသည် ခုနစ်ရက်ကြာနေထိုင်ပြီး အမရာအား လေ့လာ ပညာစမ်းသပ်လေသည်။ ဆန်တစ်ခွက်နှင့် မုန့်ကြွပ်၊ ယာဂု၊ ထမင်း စသည့်သုံးမျိုးကို ချက်စေခဲ့ရာ အမရာက ဆန်ရင်းကို ထမင်း၊ ဆန်လတ်ကို ယာဂုနှင့် ဆန်ကွဲကို မုန့်ကြွပ်လုပ်ပေး၏။ မဟောသဓ ထမင်း၊ ယာဂု၊ မုန့်ကြွပ်တို့ ညံ့ကြောင်းပြစ်တင်ပြောဆိုသော်လည်း အမရာသည် ဒေါသအမျက်မထွက်ဘဲ သည်းခံလေသည်။ မဟောသဓ သည် အမရာမှာ မိန်းမမြတ်ဖြစ်ကြောင်း စမ်းသပ်သိရှိရပြီးနောက် ရွာ၌အဝတ်ပုဆိုးချုပ်ရသော ဥစ္စာနှင့်အတူ အိမ်ကပါလာသော အသပြာတစ်ထောင်တို့ကို သူဌေးလင်မယားတို့အား ပေးအပ်ကာ အမရာအား လက်ထပ်ခွင့်တောင်းလေသည်။ အမရာ၏ မိဘတို့သည်

**“မင်းကြီးက ဤလောက၌ လူနှစ်ယောက်ရှိရာ တစ်ယောက်က ပညာရှိ၏။ စည်းစိမ်ချမ်းသာမှုမရှိ။ တစ်ယောက်ကား စည်းစိမ်ရှိ၏။ ပညာမရှိ။ ထိုသူနှစ်ယောက်တို့တွင် မည်သူက မြတ်သနည်းဟု မေးမြန်းလေသည်။ သေနကအမတ်က ပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥစ္စာရှင်၏ အစေအပါးသာဖြစ်ရ၍ ဥစ္စာက မြတ်ကြောင်း ဖြေကြားလေသည်။ မဟောသဓကေမူ ဥစ္စာကြောင့် လူများသည် မကောင်းမှုကို ပြုတတ်သည်ကြောင့် အပါယ်၌ ကျတတ်သဖြင့် ပညာရှင်ကသာ အပြစ်ကိုမြင်၍ ဆင်ခြင်နိုင်သည်ဖြစ်၍ ပညာကမြတ်ကြောင်း လျှောက်တင်လေသည်”**

မဟောသဓအား ဉာဏ်ပညာပြည့်စုံ၍ မျိုးကောင်းဆွေကောင်းသား အမူအရာနှင့် လက္ခဏာလည်း ပြည့်စုံသည်ကို သိသည်ဖြစ်၍ နှစ်သက်သဖြင့် အမျိုးအမည်ကိုမျှမမေးဘဲ ခွင့်ပြုလိုက်လေသည်။

မဟောသဓသည် အမရာအား မြို့သို့ခေါ်ဆောင်လာရာ လမ်းခရီးတွင် ထီးနှင့်ဖိနပ်ကိုပေး၏။ အမရာသည် လွင်ပြင်၌ ထီးကိုမဆောင်းဘဲ သစ်ပင်သစ်ခက်တို့အောက်ရောက်လျှင် ထီးဖွင့်ဆောင်း၏။ ရေမရှိသော မြေပြင်၌ ဖိနပ်ကိုမစီးဘဲ ရေရှိရာအရပ်မှသာလျှင် ဖိနပ်ကိုစီး၏။ မဟောသဓကေမေးလျှင် သစ်ပင်အောက်၌ သစ်ကိုင်းသစ်ဆွေးများ ကျမည်စိုး၍လည်းကောင်း၊ ရေထဲ၌ ဆူးငုတ်တို့ရှိမည်စိုးရ လည်းကောင်း ဖြစ်သည်ဟု ကိုးကားဖြေဆိုလေသည်။ ခရီးဆက်ကြရာ ဆီးသီးပင်တစ်ပင်သို့ရောက်လျှင် မဟောသဓကေ ဆီးသီးစားလိုကြောင်း ပြော၍ အမရာသည် ဆီးပင်ပေါ်သို့တက်၍ခူးယူပြီး ဆီးသီးပူကို စားလိုသလား ဆီးသီးအေးကိုစားလိုသလားဟုမေး၏။ မဟောသဓကေ ဆီးသီးပူကို စားလိုကြောင်းပြောလျှင် အမရာလည်း ဆီးသီးကို မြေပူရာမြူဖုတ်ထဲသို့ ချလိုက်၏။ မဟောသဓသည် ဆီးသီးအေးကို စားလိုကြောင်း ထပ်မံပြောဆိုသောအခါ အမရာသည် ဆီးသီးကို မြက်ပင်ပေါ်သို့ချပေး၏။

မြို့သို့ရောက်ကြသောအခါ မဟောသဓသည် အမရာအား တံခါးမှူးအိမ်၌ထားခဲ့ပြီး ကျွန်မယုံတစ်ဦးအား ငွေအသပြာတစ်ထောင်ဖြင့် ဖြားယောင်းစေ၏။ အမရာက အသပြာတစ်ထောင်သည် မိမိခင်ပွန်း၏ ခြေဖဝါး၌ကပ်သော မြူလောက်မျှအဖိုးမထိုက်၊ မိမိလွတ်လပ်သူ မဟုတ်ကြောင်းဖြင့် ငြင်းဆိုလေသည်။ သုံးကြိမ်တိုင် သွားရောက် ဖြားယောင်းသော်လည်း မအောင်မြင်သဖြင့် အမိန့်ဖြင့်ခေါ်စေသော အခါတွင် အမရာသည် မိမိမှာခင်ပွန်းရှိပြီးဖြစ်ကြောင်း ငြင်းဆိုသဖြင့် မင်းချင်းလုလင်ပျိုတို့သည် အမရာ၏လက်ကိုဆွဲ၍ အတင်းခေါ်ဆောင် သွားလေသည်။ မဟောသဓ၏အိမ်သို့ရောက်လျှင် အမရာသည် များစွာသောအခြံအရံဖြင့် မင်းသားစည်းစိမ်နှင့် တင့်တယ်ခြင်း များစွာဖြင့်နေသော မဟောသဓကို မမှတ်မိသဖြင့် ပြုံးရယ်ခြင်း၊ ငိုခြင်းပြုလေသည်။ မဟောသဓကေ အကြောင်းရင်းကိုမေးသည့်အခါ ကုသိုလ်ကံ၏အကျိုးသည် လွန်စွာအံ့သြဖွယ်ကောင်း၍ နှစ်လိုသော နှလုံးဖြင့် ရွှင်လန်းမိကြောင်း၊ ငိုသည်မှာ စည်းစိမ်ပြည့်စုံပါလျက် လင်ရှိမယားကို သိမ်းယူရန်ပြုသည့် မင်းသားကို သနားခြင်း ကရုဏာသက်၍ ငိုမိကြောင်း တင်လျှောက်လေသည်။ ထိုအခါ မဟောသဓသည် မင်းချင်းတို့ကိုခေါ်၍ အမရာအား တံခါးမှူးနေအိမ်သို့ ပြန်ပို့စေသည်။ နံနက်မိုးသောက်သောအခါ နန်းတော်သို့ဝင်၍ ဥဒုမ္ဗရဒေဝီမိဖုရားအား မိန်းမကောင်းရခဲ့ကြောင်း လျှောက်ကြား လေသည်။ မိဖုရားလည်း မင်းကြီးကို တင်လျှောက်၍ ကြီးကျယ်စွာ လက်ထပ်မင်္ဂလာပြုလေသည်။

အမတ်သုခမိန်လေးယောက်တို့သည် သေနကအမတ်ကြီး၏ နေအိမ်တွင် နေ့တိုင်းမပြတ် ဆုံကြလေ့ရှိတတ်၏။ မဟောသဓသေုခမိန် လက်ထပ်မင်္ဂလာပြုပြီးသောတစ်နေ့၌ မဟောသဓ၏ပညာကိုပြိုင်လျှင် အမြဲရှုံးခဲ့နေရာ၊ ယခုတစ်ဖန် မဟောသဓသည် ဘုန်းပညာရှိမယား ကောင်းနှင့် လက်ဆက်တိုးပွားလာသဖြင့် မည်သို့မျှ ယှဉ်နိုင်တော့မည် မဟုတ်သည်ကို သိရှိသောကြောင့် မဟောသဓအား ပျက်စီးစေရန် မကောင်းသောစိတ်ထားဖြင့် မင်းကြီးအား ကုန်းချောစကား လျှောက်ထားရန် ကြံစည်ကြလေသည်။

ထို့နောက် သေနကအမတ်ကြီးသည် မင်းကြီး၏ ပတ္တမြား ဆံကျစ်ကိုလည်းကောင်း၊ ပက္ကုသအမတ်သည် မင်းကြီး၏ ရွှေပန်းကုံး၊ ကာမိန္ဒအမတ်က မင်းကြီး၏ ကမ္ဗလာ၊ ဒေဝိန္ဒအမတ်က မင်းကြီး၏ ရွှေခြေချင်းတို့ကို ခိုးယူကြသည်။ ထို့နောက် သေနကအမတ်က ဦးစွာ ပတ္တမြားဆံကျစ်ကို ရက်တက်အိုး၌ထည့်ကာ ကျွန်မ တစ်ယောက်အား ရက်တက်ရောက်ဟန်ပြု၍ မဟောသဓအိမ်သို့ ဝင်ရောက်ပေးစေသည်။

အမရာလည်း ရက်တက်သည်မ၏ အမူအရာထူးခြားသည်ကို သိရှိ၏။ ဈေးသည်မ မရှိခိုက် ရက်တက်အိုးကို စစ်ဆေးလေသည်။ မင်းကြီး၏ ဆံကျစ်ကိုတွေ့သဖြင့် ဟန်မပျက်နေပြီး ရက်တက်သည်မအား မေးသောအခါ သေနကအမတ်အိမ်မှဖြစ်ကြောင်းသိရ၍ ဈေးသည်မ၏ အမည်၊ အမိအဘတို့ကို မေးမြန်းမှတ်သားကာ ဝယ်ယူပြီးလျှင် ရက်တက်အိုးတွင် ဝယ်ယူသောနေ့နှင့်တကွ ကမ္ပည်းတပ်၍ သိမ်းဆည်းထားလေသည်။ ထိုနည်းတူစွာပင် ပက္ကုသအမတ်အိမ်မှ ရွှေပန်းကုံးပါသော မြတ်လေးပန်းတောင်း၊ ကာမိန္ဒအမတ်အိမ်မှ ကမ္ဗလာပါသော ဟင်းရွက်တောင်း၊ ဒေဝိန္ဒအမတ်အိမ်မှ ရွှေခြေချင်း ပါသော မုယောစပါးစည်းတို့ကို ဝယ်ယူပြီးနောက် မဟောသဓထံသို့ အကြောင်းကြားလေသည်။

သုခမိန်လေးယောက်တို့သည် တန်ဆာလေးခုကို ထိုသို့ မဟောသဓအိမ်သို့ ပို့ပြီးနောက် နန်းတော်သို့ဝင်ပြီး မင်းကြီးအား ဆင်တော်မူမြဲဖြစ်သော ပတ္တမြားဆံကျစ်၊ ရွှေပန်းကုံး၊ ကမ္ဗလာ၊ ရွှေခြေချင်းကို အဘယ်ကြောင့် ဆင်တော်မမူသည်ကို လျှောက်ကြ၏။ မင်းကြီးလည်း ပျောက်ဆုံးနေကြောင်းဆိုလေလျှင် အမတ်တို့က မဟောသဓ ခိုးယူထားကြောင်း ကုန်းချောတင်လျှောက်ကြလေသည်။ မဟောသဓသည် မင်းကြီးထံအခစားဝင်ရာ မင်းကြီးသည် အမျက်ထွက် နေသဖြင့် မျက်နှာလွှဲကာဝင်သွားသည့်အပြင် မဟောသဓအား ရာဇဝတ်ထုံးအတိုင်း ကွပ်မျက်စေလိုက်၏။

မဟောသဓလည်း နန်းတော်မှ ထွက်ပြေးတိမ်းရှောင်လေသည်။ ဒက္ခိဏယဝမဇ္ဈိဂုံးရွာ၌ မထင်မရှားအသွင်ဖြင့် အိုးထိမ်းအိမ်၌ မှီခိုနေထိုင်သည်။ ထိုအခါ အမတ်လေးဦးတို့သည် အမရာအား သိမ်းပိုက်ရန် ကိုယ်စီအကြံဖြင့် အမရာဒေဝီထံသို့ ကောင်းမြတ်သော လက်ဆောင်ပဏ္ဏာများ အသီးသီးပို့စေ၏။ အမရာဒေဝီသည် အမတ်ကြီးလေးဦးပေးပို့သော လက်ဆောင်များကို လက်ခံ၍ လေးဦးစလုံးအား အချိန်ခွဲ၍ ချိန်းဆိုလိုက်၏။

*(ဆက်လက်ဖော်ပြပါမည်)*

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ ဆရာဝန်များနှင့် သူနာပြုများသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နားနှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အများပြည်သူလေ့လာအပန်းဖြေနိုင်ကြစေရန် ဝန်းသိုစော်ဘွားကြီးရုပ်တု၊ ရင်ပြင်နှင့် ပန်းခြံ တည်ဆောက်လျက်ရှိ

**ဝန်းသို ဇူလိုင် ၈**

၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူပြီးချိန်ကာလ နယ်ချဲ့အင်္ဂလိပ်တို့ကို ခုနှစ်နှစ်တိုင်တိုင် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ခဲ့သည့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်အားဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝန်းသို–ကျောက်တန်းမြို့ထွက်လမ်းဘေး မြေအကျယ် တစ်ဧကခွဲကွင်း၌ စော်ဘွားကြီးဦးအောင်မြတ်ရုပ်တုသစ်ကို ၂၀၂၀ ပြည့်နှစ် သြဂုတ်လတွင် တည်ထားပြီးစီးခဲ့ပြီးဖြစ်ရာ ရပ်ဝေးရပ်နီးမှပြည်သူများအပန်းဖြေလေ့လာဂုဏ်ပြုနိုင်ကြစေရေးအတွက် ရုပ်တုရင်ပြင်တော်နှင့် ပန်းခြံများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ဝန်းသိုစော်ဘွားကြီး ရုပ်တုပန်းခြံမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ ပေးတဲ့ဘိလပ်မြေနဲ့ အလှူရှင်တွေပူးပေါင်းပြီးတော့ အရှည်ပေ ၁၀၀၀ ရှိကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းပြီးသွားပါပြီ။ အရိပ်ရသစ်ပင်၊ အလှပန်းပင်တွေလည်း စိုက်ပျိုးပြီးပါပြီ။ ဦးပဉ္စင်းတို့ဝန်းသိုမြို့သမိုင်းက ကျားဖြူမင်းကြီးကစလာတဲ့အတွက် ၁၃ ပေခွဲရှိ ကိုးတောင်ကျားဖြူရုပ်တုကိုလည်း ပြုလုပ်ပြီးသွားပါပြီ။ ဒိုးပတ်၊ မောင်း၊ အိုးစည်လေးတွေ၊ ကလေးငယ်လေးတွေ ပျော်ရွှင်အောင်လို့ အခြားသော ဒေါင်းရုပ်၊ သမင်ရုပ်၊ ဗျိုင်းရုပ်၊ ယုန်ရုပ် လေးတွေနဲ့ သုံးဆင့်ရေတံခွန်၊ ကံ့ကော် အဝိုင်းပတ် ရေပန်းတွေလည်း လုပ်ပြီးသွားပါပြီ။ နောက်ထပ် အရှည်ပေ ၇၀၀ ခန့် ရှိတဲ့ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း၊ ဝန်းသိုစော်ဘွားကြီးရဲ့ ဂူဗိမာန်၊ ဟော်နန်းတော်တွေနဲ့ ဘုရားစေတီကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု အကျိုးတော်ဆောင် မုံရွာလမ်းတံတား ဆရာတော် အရှင်သူရိယက မိန့်ကြားသည်။



ဝန်းသိုစော်ဘွားကြီး ရုပ်တုပန်းခြံကို တွေ့ရစဉ်။

ဆက်လက်၍ ဆရာတော်က "မုံရွာမှာ ဇောဓိတစ်ထောင်ဘုရား၊ မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားတွေကို အကြောင်းပြုပြီးတော့ ဒေသခံတွေက လက်ဆောင်ပစ္စည်းတွေ ရောင်းရတယ်။ အသုပ်၊ ထမင်းတွေ ရောင်းရတယ် စတဲ့အရောင်းအဝယ် စီးပွားရေး အခွင့်အလမ်းတွေရလာတယ်၊ လူစည်ကားလာတယ်။ အဲဒီလိုပဲ ဝန်းသိုမြို့မှာလည်း စည်ကားလာစေချင်တယ်၊ သမိုင်းကိုလည်း ထိန်းသိမ်းပြီးသားဖြစ်ချင်တယ်။ နယ်ချဲ့ အင်္ဂလိပ်တို့ကို ရှုပ်ရှုပ်ချုံချုံတွန်းလှန် တိုက်ခိုက်ခဲ့တဲ့ ရှေးဦးတော်လှန်ရေး ခေါင်းဆောင်ကြီး ဝန်းသိုစော်ဘွားကြီး မွေးဖွားနေထိုင်ခဲ့တဲ့ မြို့လေးလည်းဖြစ် တဲ့အတွက် သူ့ရဲကောင်းကြီးကိုလည်း ဂုဏ်ပြုရင်း မျိုးဆက်သစ်လူငယ်တွေ အားလုံး ဇာတိသွေး၊ ဇာတိမာန်တက်ကြွ စေဖို့၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ပညာဂုဏ် မြင့်မားစေဖို့ ရည်ရွယ်ပြီးတော့ ဒီစော်ဘွားရုပ်တုပန်းခြံကြီးကို တည်ဆောက်နေခြင်းဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

မောရိယမဟာဝံသ သီရိသုဓမ္မရာဇာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ကြေးရုပ်တုအား ဝန်းသိုမြို့ မဟာမုနိကျောင်းတိုက်ရှေ့ လမ်းဆုံနေရာတွင် ၂၀၀၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ဖွင့်လှစ်တည်ထားခဲ့ပြီး ယခုအမြင့် ၁၈ ပေ ရှိ အင်္ဂတေဖြင့် ပြုလုပ်ထားသော စော်ဘွားကြီး ဦးအောင်မြတ်ရုပ်တု အသစ်နှင့်ရင်ပြင်တော်၊ ပန်းခြံ၊ ဗိမာန်တို့ကို အကျိုးတော်ဆောင် မုံရွာလမ်းတံတားဆရာတော် အရှင်သူရိယက ဦးဆောင်၍ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များပူးပေါင်းကာ တည်ဆောက်မွမ်းမံလျက်ရှိကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံနှင့် အခြားမိုးသီးနှံ ၉၀၉၈၇ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၁ – ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံနှင့် အခြားမိုးသီးနှံ ၉၀၉၈၇ ဧက လျာထား စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ သီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။

ပွင့်ဖြူမြို့နယ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် နှစ်စဉ် စပါးသီးနှံစိုက်ပျိုးမှု အများဆုံးဖြစ်သည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသခံပြည်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် (နွေ၊ မိုး၊ ဆောင်း ) သုံးရာသီ သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ သီးနှံများစိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေ အခက်အခဲမဖြစ်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် ရာသီအလိုက် စိုက်ပျိုးရေအား စနစ်တကျ ဖြန့်ဝေပေးသည့်အတွက် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုး ထုတ်လုပ်ကဏ္ဍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၂၁ – ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ မိုးစပါးသီးနှံဧက ၆၈၇၈၃ ဧက၊ ဖူးစားပြောင်း ဧက ၉၁၀၊ နှံစားပြောင်း ၁၆၆ ဧက၊ ပဲတီစိမ်း ၂၉၇၇ ဧက၊ ပဲစင်းငုံ ၆၁၁ ဧက၊ ပဲကြီး ၁၆၄၆ ဧက၊ အခြားပဲသီးနှံ ၆၇၁ ဧက၊ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၄၂၉ ဧက၊ နှမ်း ၂၄၄၈ ဧက၊ နေကြာ ၁၅၈ ဧက ၊ ဝါသီးနှံ ၁၄၅၈ ဧက၊ ကြံသီးနှံ ရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ် ၅၆၄ ဧက၊ အုန်း ဧက ၁၇၀၊ ငှက်ပျော ဧက ၁၀၂၀၊ သစ်သီးပင် ၁၃၄၃ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၁၃၁၀၊ ပရဆေးစိုက်ပျိုးဧက ၂၅၇ ဧက ၊ ကျွဲနွားတိရစ္ဆာန် အစာ ၄၃၈၁ ဧက၊ ဥယျာဉ်ခြံစိုက်ပျိုးမှု ၈၂၃ ဧက၊ အခြား စားပင်သီးနှံ ဧက ၅၉၀၊ စုစုပေါင်း မိုးသီးနှံစိုက်ပျိုးဧက ၉၀၉၈၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယနေ့အထိ မိုးသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ၁၉၃၄၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။



မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ မိုးစပါးစိုက်ပျိုးထားစဉ်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်းတိုးပွားရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များနှင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့ကူညီခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်နည်းလမ်းများ အသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မြင့်၏ ကြီးကြပ်မှုဖြင့် ကွင်းတာဝန်ခံများက နယ်မြေ ကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# မင်းပြားမြို့နယ်တွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းဖွင့်

**မင်းပြား ဇူလိုင် ၈**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဇူလိုင် ၆ ရက်က အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲ ပြုလုပ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးထင်ကျော်ထံမှ သိရသည်။

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးက မြို့နယ်၏ စားသုံးကုန်အခြေခံလိုအပ်ချက်ဖြစ်သည့် ငါးမွေးမြူရေးနှင့် ငါးလိုအပ်ချက်များ၊ ငါးများဈေးကွက်ဝင်ထုတ်လုပ်နိုင်မှု အခြေအနေများကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်လက်ထောက် ငါးလုပ်ငန်းဦးစီးမှူး ဦးထင်ကျော်က ငါးမွေးမြူရေးနှင့်ငါးများအား ဆေးထိုးစနစ်ဖြင့် စနစ်တကျသားဖောက်ရခြင်း ရည်ရွယ်ချက်များကို ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြသော ပြည်သူများအား ရှင်းလင်းပြောကြားပြီး အခြေခံငါးမွေးမြူရေးနှင့်ဆေးထိုးသားဖောက်သင်တန်းတွင် ငါးများကို စနစ်တစ်ကျ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ ငါးကန်ဖြင့် စီးပွားဖြစ်မွေးမြူနိုင်ရန် အခြေခံနည်းလမ်းများ၊ သိပ္ပံနည်းကျနည်းလမ်းများဖြင့် မွေးမြူခြင်းနှင့် ငါးများကို မျိုးပွားမှုမြန်ဆန်မှန်ကန်ရန် ဆေးထိုးသားဖောက်ပညာရပ်များ၊ ငါးသယ်ဇာတပွားများရေး၊ ငါးမျိုးစိတ်များ မပြုန်းတီးရေးဆောင်ရန်၊ ရှောင်ရန်အချက်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

**လူသားတို့၏ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇူလိုင် ၇ ရက်က တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၈/၂၀၂၁)ကို Online Zoom Meeting System ဖြင့် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအနေဖြင့် အောက်ခြေဝန်ထမ်းများအထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ထပ်ဆင့်အသိပေးရန်၊ မိုးရာသီဖြစ်၍ ရေကြီးနိုင်သည့်နေရာများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ တာကျိုးပေါက်နိုင်သည့် နေရာကို ကြိုတင်စစ်ဆေးထားရန်နှင့် ယင်းနေရာရှိ ပြည်သူများအားကြိုတင်သတိပေးထားခြင်းများ စီစဉ်ဆောင်ရွက်ထားရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ဇွန်လအတွင်း ကျင်းပသည့် အစည်းအဝေးလမ်းညွှန်မှာကြားချက်များ၏ ကောက်နုတ်ချက်များကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက်တက်ရောက်လာသည့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့၏ ဌာနအလိုက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြပြီး ကောင်စီအဖွဲ့ဝင်များက ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြကာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ၊ လုံခြုံရေးဆိုင်ရာညွှန်ကြားချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ပြည်တွင်း၌ သကြားစားသုံးမှုနည်းပါးသည့်အပြင် ကြံစိုက်ကေများလည်း လျော့ကျလျက်ရှိ

**ရန်ကုန် ဇူလိုင် ၈**

ပြည်တွင်း၌ သကြားစားသုံးမှု ပမာဏ နည်းပါးနေသည့်အပြင် ကြံစိုက်ကေများမှာလည်း လျော့ကျလျက်ရှိကြောင်း ကြံ/သကြား ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

"ဒီနှစ်မှာ အရင်နှစ်တွေက ထက်စာရင် ကြံစိုက်ကေတွေ လျော့ကျသွားပါတယ်။ အရင်တုန်းက မြန်မာနိုင်ငံအနေနဲ့ ကြံစိုက်ကေ ငါးသိန်းကျော်လောက် ရှိတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ လေးသိန်းကျော်လောက်ပဲ ရှိတော့တယ်။ ဒီနှစ်မှာတော့ အဲဒီထက်ပိုပြီး စိုက်ကေ လျှော့စိုက်လာကြတယ်။ အရင်နှစ်က ကြံဈေးနှုန်းပေးတာ နည်းလို့ ဒီနှစ်မှာ တောင်သူတွေက စိုက်ကေလျှော့ချစိုက်ပျိုးပြီး တခြားသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးကြတယ်။ တဖြည်းဖြည်းနဲ့ စိုက်ကေတွေ လျော့နည်းလာတာပေါ့" ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးရေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ဒေသများတွင် အများဆုံး လုပ်ကိုင်နေကြပြီး ကျန်သောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အနည်းအကျဉ်း စိုက်ပျိုးလျက်ရှိသည်။

"မြန်မာနိုင်ငံအနေနဲ့ သကြားလုပ်ငန်းက ပြည်တွင်းစားသုံးမှုနည်းတယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာသကြားစားသုံးမှုနှုန်းက တစ်နေ့ကို ၈ ဂရမ်နှုန်းနဲ့ပဲ တွက်ဦး။ တခြားနိုင်ငံတွေမှာ တစ်နေ့ကို သကြားစားသုံးမှု ၁၃ ဂရမ်နဲ့ အထက်ရှိပါတယ်။ ရှေးယခင်ကဆို နိုင်ငံတစ်နိုင်ငံရဲ့ ချမ်းသာမှုနှုန်းကို သကြားစားသုံးမှုနဲ့ တိုင်းတာခဲ့ကြတာမျိုးတွေလည်း ရှိတယ်။ သကြားစားသုံးမှုများတဲ့နိုင်ငံက ချမ်းသာတဲ့နိုင်ငံ။ အခုနောက်ပိုင်းမှသာ ခေတ်တွေပြောင်းလာပြီးတော့ တခြား sector တွေနဲ့ တိုင်းလာကြတာ။ တခြားနိုင်ငံတွေမှာ သကြားစားသုံးမှုများတယ်ဆိုတဲ့ ပမာဏက ပျမ်းမျှ ၁၃ ဂရမ်ကနေ ၂၀ ဂရမ်လောက် စားသုံးကြတာပါ။ ဒါတောင်မှ တချို့ကလည်း ဆီးချိုရောဂါဖြစ်တာ သကြားစားသုံးမှုများလို့ဆိုပြီး အယူအဆလွဲနေတာမျိုးတွေ တွေ့လာရတယ်။ တကယ်တော့ သကြားကြောင့်ရယ်လို့ မဟုတ်ဘဲ တချို့ သစ်သီးဝလံတွေမှာလည်း အချိုဓာတ်က ပါဝင်နေပြီးသားလေ။ အဲဒီအပေါ်မှာ အယူအဆ အမြင်အမျိုးမျိုး ဖြစ်နေကြတယ်" ဟု သကြားစားသုံးမှု လျော့ကျလာသည့်အပေါ် ဦးဝင်းငွေးက သုံးသပ်ပြောသည်။

ပုံမှန်အားဖြင့် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများမှာ မြန်မာနိုင်ငံအတွင်း ကြံစိုက်ပျိုးမှုများပြားသည့် အချိန်ဖြစ်ပြီး သကြားစက်ရုံများတွင် ကြံကြိတ်မည့်ကာလနှင့် ကိုက်ညီအောင် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## မြဝတီမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းရန်ပုံငွေများပေးအပ်

**မြဝတီ ဇူလိုင် ၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယအကြိမ် ရန်ပုံငွေပေးအပ်ပွဲကို မြဝတီမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက်က ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ယခုရန်ပုံငွေများ ပေးအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည့်သူများ၊ ကြီးကြပ်ရမည့်သူများအနေဖြင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က ၂၀၂၀-၂၀၂၁ နှစ် ဒုတိယအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ရန်ပုံငွေ ခွဲဝေချထားမှုနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရန်ပုံငွေများကို မြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ယခု ပေးအပ်သော ရန်ပုံငွေများမှာ မြဝတီမြို့နယ်အတွင်းရှိ လမ်းတံတားကဏ္ဍလုပ်ငန်း ၁၁ ခုအတွက် ပေးအပ်ခြင်းဖြစ်ပြီး ရန်ပုံငွေပမာဏမှာ ငွေကျပ် ၈၉ ဒသမ ၃ သန်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လဲချားမြို့နယ်မှ ကျေးရွာသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**လဲချား ဇူလိုင် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ဝမ်စန်ကျေးရွာတွင် ကျေးလက် နေပြည်သူများ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိ သုံးစွဲနိုင်စေရန် ရည်ရွယ်လျက် ပြည်သူ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သော အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ဝမ်စန်ကျေးရွာတွင် အိမ်တိုင်ရာရောက်သောက်သုံးရေ ရရှိရေးအတွက် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ် အစီအစဉ်ဖြင့် အရှည်သုံးမိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီး လိုအပ်သော ရေပိုက်များကို ယူနီဆက်ဖ်က ထောက်ပံ့ပေးကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများက နည်းပညာပံ့ပိုး၍ ကျေးရွာနေပြည်သူများ၏ လုပ်အားဖြင့် ယခုနှစ် ဇွန်လအတွင်းက စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအခါ လုပ်ငန်းများအားလုံးကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၈၀ မှ လူဦးရေ ၅၁၉ ဦးအနေဖြင့် သောက်သုံးရေများကို အိမ်အရောက် လွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်နန်းစန္ဒာဝင်းထံမှ သိရသည်။

**ငြိမ်းသူ**

## ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း လွှဲပြောင်းပေးအပ်

**မိုးမိတ် ဇူလိုင် ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းကို မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်က ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူကြိုကျောင်းကို ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ဘဏ္ဍာရေးမှူး ဦးအောင်ထွန်းတို့က ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခမ်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ချောစုဝင်းတို့ထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**စည်သူငွေး**

# မိုးရာသီတွင် သဘာဝဘေးအန္တရာယ်များကို ဘယ်လိုကျော်ဖြတ်သွားမလဲ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဇူလိုင်လ ၃ ရက်က ဂျပန်နိုင်ငံ ရှီဇိုကာခရိုင်၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရွှံ့မြေများပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၂၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အိမ်ထောင်စု ၂၀၀၀၀ ခန့်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသန္တရအာဏာပိုင်များက ထုတ်ပြန်ကြေညာထားသည့် သတင်းများကို နိုင်ငံပိုင်ရုပ်သံမီဒီယာများနှင့် သတင်းစာများတွင် ဖော်ပြခဲ့သည်။ သဘာဝဘေးအန္တရာယ်သည် လူသားတို့အား တစ်နေ့တခြား ပိုမိုခြိမ်းခြောက်လာလျက်ရှိသည်။ အထူးသဖြင့် မိုးရာသီတွင် ရေကြီးခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။

**သဘာဝဘေးအန္တရာယ်များ**

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ဤကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက် ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်းစသည့် အန္တရာယ်များပင် ဖြစ်သည်။ ထိုအန္တရာယ်များကြောင့် သေကျေထိခိုက် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သည်။ သဘာဝဘေးအန္တရာယ် မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။

> ❖ **မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက် ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသောကြောင့် နေ့စဉ် လူနေမှုဘဝသည် များစွာ ခက်ခဲကြမ်းတမ်းလှပေသည်။ ဘေးအန္တရာယ်၏ နောက်ဆက်တွဲရောဂါများကို လည်း ခံစားကြရသည်**

လူနေထူထပ်သောနေရာတစ်ခု ရေမြုပ်သွားပြီဆိုလျှင်၊ တောင်ပြို၍ မြေကြီးအောက်ရောက်သွားပြီဆိုလျှင် သေကျေပျက်စီးဆုံးရှုံးမှုများ များပြားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားသောကြောင့် နေ့စဉ် လူနေမှုဘဝသည် များစွာ ခက်ခဲကြမ်းတမ်းလှပေသည်။ ဘေးအန္တရာယ်၏ နောက်ဆက်တွဲရောဂါများကိုလည်း ခံစားကြရသည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာပင် များပြားလျက်ရှိသည်။ ထိုဆုံးရှုံးမှုများတွင် မိဘဆုံးရှုံးကြရသူများ၊ သားသမီးဆုံးရှုံးကြရသူများနှင့် ဆွေမျိုးသားချင်းဆုံးရှုံးကြရသူများအတွက် များစွာပင် စိတ်မကောင်းဖြစ်ရပါသည်။ ပစ္စည်းဆုံးရှုံးမှုကို အစားထိုး၍ရနိုင်သော်လည်း လူ့အသက်တစ်ချောင်းကိုမူ မည်သည့်အရာနှင့်မျှ တန်ဖိုးဖြတ်၍ မရနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ဆိုးရွားစွာ ထိခိုက်စေနိုင်မည့် လုပ်ရပ်မှန်သမျှကို ဆင်ခြင်ပြီး အချိန်မီ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာကြီးကိုချစ်ခင်စွာ အချိန်မီစောင့်ရှောက်ပြုပြင်ထိန်းသိမ်းမှု မရှိလျှင် အနာဂတ်တွင် လူသားများသည် အမျိုးမျိုးသော သဘာဝဘေးများနှင့်မလွဲမသွေ ရင်ဆိုင်ကြရမည်မှာ ဧကန်မုချပင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

ဇူလိုင်လဆန်းပိုင်းကတည်းကပင် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးမဆက်မပြတ် ရွာသွန်းခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုခဲ့သည်။ မုတ်သုံလေမှာ ဆက်လက်အားကောင်းနေသဖြင့် မိုးအဆက်မပြတ်ရွာသွန်းနေဆဲပင်ဖြစ်သည်။ ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းလာပြီဆိုလျှင် ဩဂုတ်လဆန်းပိုင်းလောက်တွင် အချို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်တတ်သည်။ အဝေးပြေးလမ်းများပေါ်၌လည်း ရေလွှမ်းလေ့ရှိသည်။ မြစ်၊ ချောင်းများ ရေပြည့်ရေလျှံဖြစ်လာလေ့ရှိသည်။ အချို့သောဒေသများတွင် လမ်း၊ တံတားများပေါ်သို့ ရေကျော်နေသဖြင့် လမ်းပန်းဆက်သွယ်ရေးပင် ပြတ်တောက်သွားတတ်သည်။ မြေနိမ့်ပိုင်းရှိအိမ်များသည် ရေနစ်မြုပ်ခံရလေ့ရှိသည်။ ထို့ကြောင့် မိုးရာသီတွင် ကြုံတွေ့ရတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်စီမံ ပြင်ဆင်ထားသင့်သည်။ သို့မှသာလျှင် လူနှင့်တိရစ္ဆာန်များ အသေအပျောက်နည်းပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝ ဘေးအန္တရာယ်ကို နှစ်စဉ်ခါးစည်းခံစားရလျက်ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုဖောက်ပြန်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်စီမံချက်များ ရေးဆွဲထားရန် လိုအပ်သည်။ ကြီးမားသော ဘေးအန္တရာယ်နှင့် နောက်ဆက်တွဲကပ်ရောဂါဆိုးများ ဖြစ်ပေါ်လာပါက နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် အရေးပေါ်စီမံချက်တွင်ပါဝင်သည့် ပြင်ဆင်ခြင်း (Preparedness)၊ တုံ့ပြန်ခြင်း(Response)၊ ပြန်လည် ထူထောင်ခြင်း (Recovery)နှင့် လျော့နည်းသက်သာစေခြင်း(Mitigation) စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသင့်ပေသည်။

**မဟာဗျူဟာချမှတ်သင့်**

မျက်မှောက်ကာလတွင် အစွန်းရောက်ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ် ကြုံတွေ့နေကြရသည်။ မြေပြိုမှုများအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ထားသင့်ပေသည်။ မဟာဗျူဟာချမှတ်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပေသည်–

(၁) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းတွက်ဆပြီး ဘေးအန္တရာယ်မဖြစ်ပွားမီ စနစ်ကျနသော ကြိုတင်ပြင်ဆင် ကာကွယ်မှုများ ပြုလုပ်စေခြင်း။
(၂) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်း။
(၃) ဘေးအန္တရာယ်ဖြစ်ပွားလာချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို ကယ်ဆယ်ရေး အဖွဲ့များဖြင့် အလျင်မြန်ဆုံး ပြုလုပ်ပေးခြင်း။
(၄) သဘာဝဘေးဒဏ် ခံစားခဲ့ရသူများအတွက် မည်သည့်အရာများကို အရေးအတွက်မည်မျှ လိုအပ်သည်ဟူသော အချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း။
(၅) ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း။
(၆) စားနပ်ရိက္ခာအစရှိသည့် အခြေခံလိုအပ်ချက်များ ထောက်ပံ့ဖြန့်ဖြူးပေးခြင်း။
(၇) ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက် အားတိုက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်စေခြင်း။
(၈) ကျား၊ မ အရေအတွက် စာရင်းပြုစုခြင်း။
(၉) ဘေးဒဏ်ခံပြည်သူများ ဝင်ငွေရရှိစေရန် ပံ့ပိုးကူညီပေးခြင်း။
(၁၀) စိတ်ဓာတ်မြှင့်တင်ပေးခြင်း။
(၁၁) ဘဏ္ဍာငွေရရှိမှုနှင့် ခွဲဝေသုံးစွဲမှု စာရင်းပြုစုခြင်း။
(၁၂) သတင်းထုတ်ပြန်မှုများ ပြုလုပ်ပေးခြင်း။
(၁၃) လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အားနှင့် တယ်လီဖုန်း ကွန်ရက်များ၊ ရေပိုက်လိုင်းများနှင့် အိမ်သာစနစ်များ ပြန်လည်တည်ဆောက်ပေးခြင်း။

**မိုးရာသီတွင် သဘာဝဘေးအန္တရာယ်များကို ဘယ်လိုကျော်ဖြတ်သွားမလဲ**

မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးရာသီရောက်ရှိလျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခံစားရလျက်ရှိသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံရလေ့ရှိကြသည်။ ရေဘေးအန္တရာယ်ကို ကာလရှည်ကြာ ကြုံတွေ့ရလျှင် လူနှင့်တိရစ္ဆာန်များ အသက်ဆုံးရှုံးရလေ့ရှိသည်။ ထို့အပြင် စိုက်ပျိုးထားသော သီးနှံပင်များလည်း ပျက်စီးဆုံးရှုံးရလေ့ရှိသည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ငန်းဆောင်တာများ လုပ်ကိုင်နိုင်ခြင်း မရှိသဖြင့် စီးပွားရေးအရလည်း များစွာ ထိခိုက်ရလေ့ရှိသည်။ ထိုသို့ ရေဘေးအန္တရာယ်ကြောင့် စိတ်အားငယ် ထိခိုက်နေသည့် ပြည်သူများကို ကျန်တိုင်းရင်းသားပြည်သူများက တစ်ဖက်တစ်လမ်းမှ တတ်နိုင်သမျှ ဖေးမကူညီပေးသွားရန် တာဝန်ရှိပေသည်။

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နေသည့်အချိန်မျိုးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ဒေသစွဲ၊ ပါတီစွဲ၊ အရောင်စွဲမထားဘဲ ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။ ဘေးအန္တရာယ်သင့် ဒေသများသို့ ကိုယ်တိုင် မသွားရောက်နိုင်သူများသည် ငွေအား၊ ပစ္စည်းအားဖြင့် တတ်နိုင်သလောက် လှူဒါန်းထောက်ပံ့ကူညီနိုင်ပါသည်။ အမှန်တော့ အရေးပေါ်အခြေအနေမျိုးတွင် ဘေးအန္တရာယ်သင့်ပြည်သူများကို တတ်နိုင်သလောက် အကူအညီပေးခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ စင်စစ်အားဖြင့် တိုင်းပြည်အတွင်း မည်သည့်ဘေးအန္တရာယ် ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူနိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ကျော်ဖြတ်သွားမည်ဆိုလျှင် ဧကန်မုချ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# YBS ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာပြောင်းလဲရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်မြို့အတွင်း ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း ပိုမိုထွန်းကားလာစေရန် ရည်ရွယ်ကာ YBS ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာ ပြောင်းလဲရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)က ကြီးမှူး၍ ရန်ကုန်မြို့ရှိ YRTC ရုံးချုပ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးဖလှယ်ပွဲကို အမှတ်စဉ်(၁/ ၂၀၂၁)အဖြစ် စတင်ကျင်းပခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ယာဉ်မောင်း ၅၀ ဖြင့်သာ စတင်ခဲ့ကာ ဆွေးနွေးဖလှယ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ဒုတိယ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**အစဉ်သတိပြု ဆင်ခြင်မောင်းနှင်ရန်**

ဆွေးနွေးပွဲတွင် YRTC ဒုတိယ ဥက္ကဋ္ဌက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးသည် ခရီးသွားပြည်သူများအတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ YRTC သည် ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးယာဉ်များကို ကြီးကြပ်နေသည့်အဖွဲ့ ဖြစ်ခြင်းကြောင့် YBS ယာဉ်မောင်းများ၊ အငှားယာဉ်(Taxi)မောင်းများ၊ အဝေးပြေးနှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ထိန်းသိမ်းမောင်းနှင်ကြစေရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ယာဉ်/ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) စသည့်သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်နေပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းကာ ယာဉ်မောင်းများ၏ စိတ်ဓာတ်ရေးရာ မြင့်မားပြောင်းလဲလာရန်၊ အစဉ်သတိပြု ဆင်ခြင်မောင်းနှင်ရန်နှင့် ဝန်ဆောင်မှုကောင်းကောင်းဖြင့် ခရီးသည်များ လိုရာခရီးကို အန္တရာယ်ကင်းစွာ မောင်းနှင်ပို့ဆောင်ပေးသည့် ယာဉ်မောင်းကောင်းများ ဖြစ်လာစေရန် ဆွေးနွေးပွဲများ စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**စိတ်ဓာတ်ရေးရာ ပြင်ဆင်ပြောင်းလဲရေး**

အဆိုပါ အသိပညာပေး ဖလှယ်ပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ဘတ်စ်ကားမောင်းသူများလိုက်နာရမည့် အချက်များကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်တိုက်မှုများဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ရာဇသတ်ကြီးပုဒ်မများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့မှ တာဝန်ရှိသူက နိုင်ငံတကာတွင် ယာဉ်မောင်းများမောင်းနှင်နေသည့် အခြေအနေနှင့် ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာ ပြင်ဆင်ပြောင်းလဲရေးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းများ၊ အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးပို့ချကြသည်။



ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပစဉ်

အဆိုပါ YBS ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာပြောင်းလဲရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာ ဖလှယ်ဆွေးနွေးပွဲကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ယာဉ်မောင်း ၅၀ ဖြင့် ကနဦးပထမဆုံးနေ့အဖြစ် စတင်ပြုလုပ်ခဲ့ပြီး နောက်ရက်များတွင်လည်း ကာကွယ်ဆေးထိုးထားပြီးသော ယာဉ်မောင်းများဖြင့်သာ ကိုဗစ် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ- မိုးမခ**

## စစ်ကိုင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေး

**စစ်ကိုင်း ဇူလိုင် ၈**

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရ ယင်းမာကျင်းကျေးရွာအတွက် (တတိယနှစ်စက်ဝန်း) စီမံကိန်းချေးငွေ ကျပ် ၃၄၅ သိန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဇူလိုင် ၆ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေများထုတ်ပေးရာတွင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်စုစုလင်းက မြစိမ်းရောင်ရန်ပုံငွေ ထုတ်ချေးပေးသည့် ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် ကြီးကြပ်ရေးတာဝန်ခံများက လုပ်ထုံးလုပ်နည်း ဥပဒေများနှင့် အသင်းသားများအနေဖြင့် မိမိတို့ရရှိသည့် ချေးငွေများကို တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ လက်မှုလုပ်ငန်း စသည့်လုပ်ငန်းများတွင် အကျိုးရှိအောင် စနစ်တကျ အသုံးပြုဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို မြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၉ ရွာသို့ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ယင်းမာကျင်းကျေးရွာ၌ စီမံကိန်းချေးငွေများ ထုတ်ချေးပေးစဉ်

## ပွင့်ဖြူမြို့နယ်၌ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၄၅ ခု ဆောင်ရွက်



မြို့နယ်စည်ပင်ရန်ပုံငွေဖြင့် ထပ်ပိုးလွှာခင်းထားသော လမ်းတစ်လမ်း

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၅၄၆ သန်းဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၄၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပွင့်ဖြူမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် နှစ်စဉ် ဌာနခွင့်ပြု ငွေလုံးငွေရင်းဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ယခု ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေကျပ် ၅၄၆ သန်းဖြင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာရေးအဆင်ပြေစေရန်အတွက် လမ်းလုပ်ငန်း ၁၂ ခုနှင့် တံတားလုပ်ငန်း ၁၄ ခု၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရေမြောင်းဆောင်ရွက်ခြင်းလုပ်ငန်း ၁၂ ခု၊ ယာဉ်/စက် ဝယ်ယူခြင်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်း ခုနစ်ခု၊ စုစုပေါင်း မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၄၅ ခုတို့ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခု ဇူလိုင်လဆန်းပိုင်းတွင် အဆိုပါ လုပ်ငန်းများ အားလုံး၏ ၉၄ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် ဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများ၏ လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် မြို့နယ်စည်ပင်မှ တာဝန်ခံအင်ဂျင်နီယာများက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ရပ်ကွက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရန် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အုတ်ရေမြောင်းတူးခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများမှာလည်း ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## ကဝမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ကဝ ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ခြောက်ခုနေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနက ပန်းခင်းစီမံချက်အရ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၁ ရက်မှစ၍ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းနှင့် ဝန်ထမ်းများက ကဝမြို့ပေါ် ရပ်ကွက် ခြောက်ခုသို့ ကွင်းဆင်းသွားရောက်ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ ယခုအခါ ကဝမြို့ပေါ်ရှိ ရွာသစ်ရပ်ကွက်၊ တံတားကြီးရပ်ကွက်၊ ကျောင်းကြီးရပ်ကွက်၊ မင်းပိုင်းရပ်ကွက်၊ ရုံးကြီးရပ်ကွက်နှင့် ခမေလေးရပ်ကွက်များနေ ပြည်သူများအတွက် အိမ်ထောင်စုစာရင်းများနှင့် လူဦးရေ ၄၅၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော ထီးလင်းမြို့ အနောက်ဘက် မောချောင်းကူးတံတား တည်ဆောက်ပြီးစီး

**ထီးလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့ အနောက်ဘက် မောချောင်းကူးတံတားကို ဒေသခံ ပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ တည်ဆောက် ပြီးစီးသွားပြီဖြစ်သဖြင့် ယခုအခါ ပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အဆင်ပြေ လွယ်ကူ လျက်ရှိကြောင်း သိရသည်။

ကိုယ့်အားကိုယ်ကိုး မောချောင်းကူးတံတား တည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ထီးလင်းမြို့ မင်္ဂလာကျောင်းမှ ဆရာတော် ဦးကောဝိဒက "ဦးဇင်းတို့အနေနဲ့ ဒီတံတားကြီး ဖြစ်မြောက်ဖို့အတွက် ထီးလင်းမြို့ မင်္ဂလာကျောင်းဆရာတော် ဦးသောဘဏရဲ့ ဩဝါဒကို ခံယူပြီးတော့ တပည့်များဖြစ်တဲ့ အနောက်ဘက်ဆရာတော် ဦးဝိစိတ္တနဲ့ ဦးဇင်းတို့က ဦးဆောင်ကြီးကြပ် ဆောင်ရွက်ခဲ့ပါတယ်။ တံတား ဖြစ်မြောက်ဖို့ ရပ်နီးရပ်ဝေးက စေတနာရှင် အလှူရှင်တွေရဲ့ ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၄၂၀ ခန့်ကို မတည်ပြီးတည်ဆောက်ခဲ့ရတာပါ။ ကျန်တဲ့သစ်၊ ဝါးတွေနဲ့ လုပ်အားတွေကိုတော့ အများပေါင်းစု ဆောင်ရွက်တာဖြစ်ပါတယ်။ တံတားတည်ဆောက်တာက ရှစ်လလောက် ကြာမြင့်ခဲ့ပါတယ်"ဟု မိန့်ကြားသည်။

အဆိုပါ ထီးလင်းမြို့ အနောက်ဘက် မောချောင်း ကူးတံတားသည် ထီးလင်းမြို့နှင့် အနောက်ဘက် ရွာအကြား ဆက်သွယ်သွားလာရာတွင် အဓိကကျသောလမ်းပေါ်၌ တည်ရှိသော တံတားဖြစ်ပြီး တံတားသည် အရှည် ပေ ၅၀၀၊ အကျယ် ရှစ်ပေရှိကာ RC တံတားပေါင်၊ RC တိုင်နှင့် ပျဉ်ခင်းပျဉ်ကာ အမျိုးအစားဖြစ်သည်။ ယခုအခါ တံတားကို စတင် အသုံးပြုနိုင်ပြီဖြစ်၍ အနောက်ဘက်ရွာရှိ ပြည်သူများ အနေဖြင့် ထီးလင်းမြို့သို့ အလွယ်တကူ ဆက်သွယ် သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေးနှင့်အတူ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်စည်(ပြန်/ဆက်)**



ရာနှုန်းပြည့်ဆောက်လုပ်ပြီးသော ထီးလင်းမြို့ အနောက်ဘက်မောချောင်းကူးတံတား

# နောင်တရားမြို့၌ တိုးပွားလာသည့်အိမ်များအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်

**နောင်တရား ဇူလိုင် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အမှတ်(၁)ရပ်ကွက်မှ တိုးပွားလာသည့် လူနေအိမ်များအတွက် နောင်တရားမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၄၀၀ဗို့ ဓာတ်အားလိုင်းသစ်ကို တိုးချဲ့တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးရာတွင် ဗို့အားပြည့်ဝစွာ ရရှိအသုံးပြုနိုင်ရေး၊ ပေရှည်ဆားဗစ်ဝါယာကြိုးများ ပပျောက်ရေး၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးနှင့် ပျောက်ဆုံးယူနစ် လျော့နည်းစေရေးအတွက် အရှည် ၁ ဒသမ ၅ မိုင်ရှိသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကို လျှပ်စစ်ကာဗာကြိုးဖြင့် တိုးချဲ့တပ်ဆင်ပေးနေခြင်းဖြစ်ကာ လုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခွန်အောင်ကြီးက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**




၄၀၀ ဗို့ ဓာတ်အားလိုင်းသစ် တိုးချဲ့တပ်ဆင်ပေးနေစဉ်

# မိုးနဲမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

**မိုးနဲ ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လမ်းသွားလမ်းလာ ပြည်သူများနှင့် ဈေးရောင်း/ဈေးဝယ်ပြည်သူများအား နှာခေါင်း စည်းကို စနစ်တကျ တပ်ဆင်သွား လာကြရန် အသိပညာပေးခြင်း လုပ်ငန်းများကို မိုးနဲမြို့မဈေးရှေ့၌ ဇူလိုင် ၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနီဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဌာန မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့်အတူ နှာခေါင်းစည်းများကို ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ကာ မလိုအပ်ဘဲ အပြင်မထွက်ကြရန်၊ အပြင်သို့ သွားလာပါက နှာခေါင်းစည်းများကို စနစ်တကျတပ် ဆင်ပြီးမှ သွားလာကြရန်၊ လူစုလူဝေးရှောင်ရှားကြရန်တို့ကို အသံချဲ့စက်ငယ်များဖြင့် အသိပညာပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

သစ်တောမှန်လျှင်
အသုံးဝင်၊
အစဉ်ထာဝရ
ထိန်းသိမ်းကြ

## အမည်ပြောင်း

ရမည်းသင်းမြို့၊ အထက (၁) Grade-10 သင်ရိုးသစ်မှ ဦးအေးဇော်မြင့်၏သား မောင်ရဲဇော်မြင့်ဦးအား မောင်ရန်နိုင်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက (၁) သတ္တမတန်းမှ မောင်နေဆန်းလှိုင်၏ဖခင် ဦးအောင်ကိုဝင်း၏ အမည်မှန်မှာ ဦးကိုကြီး ၉/ရမသ(နိုင်) ၁၃၉၃၄၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၃၉)၊ အကွက်အမှတ် (၄၅)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကအကျယ်ရှိ ဦးမြင့်အောင် အမည်ပေါက်မြေကွက်၏ ပုံစံ(၁၀၅)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမြင့်အောင် ၁၀/သထန(နိုင်)၀၁၅၉၄၂
ဖုန်း-၀၉-၄၂၂၁၉၆၇၉၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-သုဝဏ္ဏ (ရွှေဝါဆန်)၊ မြေကွက်အမှတ်-၂၄၃၊ ဧရိယာ ၀ဒသမ၁၃၀ဧက၊ မြေအမျိုးအစား-နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၂၄၃)၊ တောင်ထိပ်ပန်းလမ်း၊ ၂၉/သုဝဏ္ဏရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ရွှန်းလဲ့နေခြည်လွင် ၉/ဇယသ(နိုင်)၀၀၇၂၂၈မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၁၁၆၅၊ မြေကွက်တည်နေရာအမှတ် (၁၁၆၅)၊ နဝရတ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမောင်မောင်ကြီး (AA-၀၇၇၃၄၄) အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား နှစ် ၆၀ ဂရန်အမည်ပေါက် ဦးမောင်မောင်ကြီးနှင့် ၎င်း၏ဇနီး ဒေါ်သန်းဆင့်တို့ ကွယ်လွန်သွားကြသောကြောင့် ဒေါ်ခင်ချိုဦး ၁၂/လမတ(နိုင်)၀၂၀၇၈၃မှ ကိတ္တိမသမီးမွေးစားစာချုပ်-၈၇၃/၂၀၀၀(၁-၃-၂၀၀၀)၊ ကျမ်းကျိန်လွှာ (၈/၁၃၉၇/၁၀-၈-၂၀၂၀)ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇/စီ)၊ မြေကွက်အမှတ်(၅၃)၊ အကျယ်အဝန်း ပေ(၁၀၀ x ၁၀၁)၊ ဧရိယာ(၀ဒသမ၂၃၁)ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် မြေအမည်ပေါက် ဒေါ်ဝတ်ရည်ဝင်း ၁၂/တမန(နိုင်) ၀၉၉၇၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L
ဥပဒေအကျိုးဆောင်
တိုက်အမှတ်(၃-အေ)၊ ၃လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၈၇၉၂၇၁၉၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်း စီမံအုပ်ချုပ်ရေး ကောင်စီ ဘတ်ဂျက်ဖြင့် Covid-19 Facility Quatantine Center များ၏ လိုအပ်သောနေရာတွင် အသုံးပြုခဲ့သောပစ္စည်းများအား ပြန်လည်ဖြည့်တင်းရန် လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၉.၇.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၀.၈.၂၀၂၁)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၁၃၀၆/B၊ မြေကွက်တည်နေရာအမှတ် ၁၃၀၆/B၊ ဦးထွန်းမြင့်လမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မြတ်လေးနွယ်(၈/မကန(နိုင်)၁၀၈၉၇၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်မြတ်လေးနွယ်အား တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၈၉/၂၀၂၀ဖြင့် ပဋိညာဉ်အတိုင်းမြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုခဲ့ရာအနိုင်ဒီကရီရရှိခဲ့ပါသဖြင့်တရားရုံး(ကိုယ်စား)ဘီလစ်ဒေါ်လဲ့လဲ့နိုင်မှတရားမကြီးမှုအမှတ်၈၉/၂၀၂၀၏၂၅-၁-၂၀၂၁ ရက်စွဲပါဒီရင်ချက်ဒီကရီ၊ ယင်းတရားရုံး၏တရားမဇာရီမှုအမှတ် ၁၆/၂၀၂၁၏နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်စာဂရန်မူရင်းတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၉ )၊ သူရ(၈)လမ်း၊ မြေကွက်အမှတ် ( ၂၄၃/က )၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးစန်းမြင့်(၁၂/ဥကတ(နိုင်) ၀၂၁၇၅၂) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အေးအေးပွင့် (၅/ဘတလ (နိုင်) ၀၇၂၆၃၂ ) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/4596 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုထွန်း ၇/ရတရ(နိုင်) ၀၈၆၀၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

